www.dhammadownload.com

# ဘုရား

## ဆယ်ဇာတ်ဝတ္ထု



J

သရဏ စာပေ

www.dhammadownload.com

# ဆုတ ဆယ်ဆေါင်တွဲ



www.dhammadownload.com

# သုတဆယ်စောင်တွဲ

www.dhammadownload.com

# ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၈၃၄၁)



# သဇင်စာပေ

သဇင်စာပေ အမှတ်စဉ် (၂)၊

၁၉၇၅၊ ဒီဇင်ဘာလ၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀၀၊

မျက်နှာဖုံးပန်းချီ၊လှဌေး၊
ဘလောက်-ခေတ်သစ်၊
မျက်နှာဖုံးရိုက်၊မြမောင် (သဇင်)၊
ပုံနှိပ်/ထုတ်ဝေသူ။
ဦးသန်းမောင်၊ (ပ-မြဝ၂၀၅၁) (ထ-မြဝဒ၁၂)၊
သဇင်ပုံနှိပ်တိုက်နှင့် သဇင်စာပေတိုက်၊ အမှတ်(၃၆၇)၊
၈၃-လမ်းနှင့် ၃၃-လမ်းဒေါင့်-မန္တလေးမြို့။

www.dhammadownload.com

# မာတိကာ


၁။ အောင်ခြင်းရှစ်ပါး သရုပ်ပြပုံများ

၂။ မင်္ဂလသုတ် ပါဠိ အနက်

၃။ မင်္ဂလာတရား သုံးဆဲ့ရှစ်ပါး သရုပ်

၄။ မင်္ဂလသုတ် အမေး, အဖြေ

၅။ မင်္ဂလသုတ်၌ အထူးမှတ်သားရန်

၆။ မင်္ဂလာ သံပေါက်

၇။ အပြင်အောင်ခြင်းရှစ်ပါး ပါဠိ အနက်

၈။ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိ အနက်

၉။ ရတနာရှေချိုင့် ပါဠိ အနက်

၁၀။ နမက္ကာရ ပါဠိအနက်

၁၁။ လောကနီတိ ပါဠိ အနက်

၁၂။ ပရိတ်ကြီး ပါဠိ အနက်

၁၃။ သိင်္ဂါလော ဝါဒသုတ် ကျင့်ဝတ်

၁၄။ ရှင်မဟာသီလဂုဏ ဆုံးမခန်း

၁၅။ ဘိုးသူတော် ဦးနု စကားပုံ

၁၆။ သားရှေတောင် ဆုံးမစာ

၁၇။ ဘုရားရှိခိုးခြင်း၏ အကျိုးကျေးဇူး

၁၈။ အနန္တငါးပါး ဘုရားရှိခိုး

www.dhammadownload.com

# ၁။ ဘုရားဖြစ်တော်မူခါနီး၌ မာရ်နတ်သားကို အောင်တော်မူခြင်း။

ဘုရားအလောင်းတော်သည် သုဇာတာ၏ ဃနာနို့ဆွမ်းကိုဘုဉ်းပေးပြီး၍ နေရဥ္ဇရာမြစ်ကမ်း၏အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့အဘို့တွင် သန့်စင်နေထိုင်တော်မူကာ ညနေချမ်းမှ ဗောဓိပင်သို့ အကြွတွင် မြက်ရိတ်ပုဏ္ဏားထံမှ မျက်ရှစ်ဆုပ်ကို အလှူခံတော်မူပြီးလျှင် ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ကို မဖျက်တော့အံ့"ဟု ဓိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူရာ ဗြဟ္မာ သိကြား နတ်အများသည် ထံပါးသို့ ရောက်လာကြလေသည်။

ထို ထိုင်နေပုံကိုမြင်ရ၍ ကေန်မုချ ဗုဒ္ဓဖြစ်တော့မည်ကို သိသော မာရ်နတ်မင်းသည် ထန်ပြင်းသော ဒေါသဖြင့် နတ်ပြည်သို့ပြန်သွား၍ စစ်သည်တပ်သား စုဆောင်းကာ မိမိကိုယ်တိုင်ကလည်း လက်နက် မျိုးစုံ ကိုင်လျက် "တက်ကြလော့၊ ဖမ်းကြလော့"ဟု ဆော်သြ ခြိမ်းချောက်လေရာ ဗုဒ္ဓမြတ်စွာ လောင်းလျာသည် ရက်စက် ကြမ်းကြုတ်နေသော သားအပေါ်တွင် မိခင်၏မေတ္တာကဲ့သို့ ဘဝများစွာ အထုံပါသော မေတ္တာတော်အစွမ်းဖြင့် အေးချမ်းကြည်ဖြူ အောင်တော်မူလေသည်။

www.dhammadownload.com



၁။ ဘုရားရှင်က မာရ်နတ်မင်းအား အောင်မြင်ခြင်း။

www.dhammadownload.com

## ၂။ အာဠဝကနတ်ဘုရားအား မေတ္တာဖြင့်ဆုံးမ၍ အောင်တော်မူခြင်း။

အာဠဝီမြို့၏ အနီး တဂါဝုတ်ခန့် ဝေးသော အရပ်၌ ညောင်ပင်ကြီးတပင်ရှိ၏၊ ထိုညောင်ပင်၌ အာဠဝကနတ်ဘီလူး၏ ဘုံဗိမာန်ရှိ၏၊ တည်ဉ့်သ၌ အာဠဝကသည် ဟိမဝန္တာနတ်အစည်းအဝေးသို့သွား၏၊ ထိုအခါနှံ့မှာပင် ဗုဒ္ဓမြတ်စွာသည် အာဠဝကနတ်ကြမ်းကို ဆုံးမဘို့ရာ ဗိမာန်အတွင်းသို့ ဝင်တော်မူလေရာ ဘုရားကို ကြည်ညို့နေသော တံခါးစောင့်နတ်သည် "အာဠဝက ထံ တိုင်ပါရစေ" ဟု ခွင့်ပန်ကာ အစည်းအဝေးသို့ သွား၍ တိုင်ကြားလေသည်။

ထိုအခါနှံ့က ဒေါသကို ချုပ်တည်းထားရသော အာဠဝကသည် အခြားနတ်မင်းတို့ထံမှ မိမိဗိမာန်၌ ဗုဒ္ဓဲ ရောက်နေကြောင်းကို ကြားရပြန်သဖြင့် ချက်ချင်း အစည်းအဝေးမှထွက်၍ ကေလာသ တောင်ထွတ်သို့ခုန်တက်ကာ "ငါဟာ-အာဠဝကတဲ့" ဟု ကြုံးဝါးလေသည်၊ ထို့နောက် တည်လုံး လက်နက်မျိုးစုံဖြင့် ဖစ်ခတ်သော်လည်း ဗုဒ္ဓ၏မေတ္တာကြောင့် မထိနိုင်မှ အနားသို့ ချဉ်းကပ်လာသော အာဠဝကအား တရားပြ၍ အေးမြစွာ ဆုံးမတော်မူလေသည်။

www.dhammadownload.com



၂။ ဘုရားရှင်က အာဠဝကဘီလူးအား အောင်မြင်ခြင်း။

(၁)

www.dhammadownload.com

၃။ ဘုရားနင်းဘို့ရန် လှတ်လိုက်သော နာဋာဂိရိဆင်ကို အောင်တော်မူခြင်း။

ဒေဝဒတ်သည် ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်းကွယ်လွန်ပြီး၍ ဘုရားကို သတ်ဘို့ရန် အမျိုးမျိုး ကြံပါသော်လည်း အာထမမြောက်ဘဲရှိလေရာ တနေ့သောအခါဝယ် ဆင်ထိန်းတို့အထံသို့သွား၍ "မင်းအသိအမှတ်ပြုသော ဆရာတော်များဆိုတာ ရာထူးနိမ့်နေသူကို ရာထူးဘိုးမြင့်အောင် တတ်နိုင်ကြတယ်၊ ဒါကြောင့် ငါစေခိုင်းတာကို လုပ်ကြဲ၊ ရှင်ဂေါတမ ဒီလမ်းလာတဲ့ အခါ နာဋာဂိရိဆင်ပြောင်ကို လှတ်လိုက်ကြ" ဟု စေခိုင်းလေသည်။

နာဋာဂိရိဆင်ကြီးကား အလွန်ကြမ်း၍ လူကိုထိုးသတ်လေ့ရှိ၏၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လာသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းတို့သည် ဆင်ကြီးကို ဘုရားဆီသို့ လှတ်ပေးကြလေသည်၊ ဘုရားရှင်လည်း နင်းမည်ဟု ပြေးလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်လျက် တန့်ရပ်တော်မူနေလေသော် ဆင်ကြီးသည် ဗုဒ္ဓရှေ့တော်၌ငြိမ်သက်စွာရပ်ကာ အဆုံးအမကို နားစိုက်နေလေသည်။

www.dhammadownload.com



၃။ ဘုရားရှင်က နာဠာဂိရိဆင်အား အောင်မြင်ခြင်း။

www.dhammadownload.com

## ၄။ အာဂုလိမာလ တောပုန်းခေးပြကို အောင်တော်မူခြင်း။

အင်္ဂုလိမာလဆိုသူကား သာဝတ္ထိပြည် ပုရောဟိတ်အမတ်၏သား တက္ကသိုလ်ပညာတော်သင် လုလင်တယောက်ဖြစ်၏၊ သူသည် ဉာဏ်ထက်၍ ဝတ်ကျေသူ ဖြစ်သောကြောင့် ဆရာကြီးနှင့် ဆရာကတော်ပါ လွန်စွာ အချစ်ခံရသူတည်း၊ သို့သော် တခြားကျောင်းသားတို့က ဆရာကြီးအား တိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှားခံရရှာလေသည်၊ ထို့ကြောင့် သူများသတ်၍ သေစေလိုသော ဆရာကြီးသည် "လူတထောင် သတ်နိုင်မှ ပညာအကျိုးရမည်"ဟု ပြောဆို စေခိုင်းလေသည်။

သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းခေးပြလုပ်၍ တောသို့လာသူ လူအများကို သတ်ကာ လူတယောက်လျှင် လက်တချောင်းကျ ဖြတ်၍ ပန်းလိုကုံးထားသောကြောင့် "အင်္ဂုလိ+မာလ"ဟု ထင်ရှား၏၊ တထောင်ပြည့်ဘို့ တယောက်သာလိုသေးနေ၌ သားကိုတောင်းပန်ရန် ထွက်လာသော မိခင်ကိုပင် သတ်စရာမြင်သောကြောင့် တင်ကြို၍ ကြွတော်မူလာသော ဗုဒ္ဓကိုလည်းသတ်ဘို့ လိုက်လေသော် တန်ခိုးကြောင့် မမှီနိုင်ဘဲ နောက်ဆုံး၌ တရားနာရ၍ ရဟန်းပြုရှာလေသည်။

www.dhammadownload.com



၄။ ဘုရားရှင်က အင်္ဂုလိမာလအား အောင်မြင်ခြင်း။

(၈)

www.dhammadownload.com

## ၅။ စိန္ဓမာဏဝိကာ ပရိဗိုဇ်မကို အောင်တော်မူခြင်း။

သာဝတ္ထိမြို့၌ စိန္ဓမာဏဝိကာ မည်သော ပရိဗိုဇ်မသည် နတ်သမီးလေးပမာ လှန်စွာလှ၏။ တိတ္ထိတို့သည် လာဘ်မရသဖြင့် လာဘ်ပေါသော ဗုဒ္ဓကို ချီးနှိမ်ဘို့ရာ စိဉ္စာကို စွမ်းစေဖျက်ဆီးခိုင်းကြလေသည်။ စိဉ္စာသည် ကြက်သွေးရောင် ခြုံထည်ကလေးကို ခြုံကာ နေဝင်ခါနီးမှာ ဇေတဝန်ကျောင်းသို့ သွားဟန်ဆောင်၍ တိတ္ထိတို့ကျောင်းမှာ အိပ်ပြီးလျှင် နံနက်စောစော မြို့သို့ဝင်ကာ ဇေတဝန်ကျောင်းမှ ပြန်လာဟန် ဆောင်လေသည်။

ဤနည်းအားဖြင့် ညနေ တရားနာ၍ ပြန်လာသူ နံနက်စောစော ဘုရားဖူးသွားသူတို့အား အထင်မှားစေပြီးလျှင် ဓ-လလောက်ကြာသော် သစ်သားဘုကို ဗိုက်မှာကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန် ဆောင်လျက် ပရိသတ်အလည်တွင် တရားဟောတော်မူနေသော ဘုရားအား "မိုးနေဆောင် မပြင်ကောင်းလား" ဟု ဆဲဆိုစွပ်စွဲလာသည်ကို နတ်သားတို့ ကြက်ဟန်ဆောင်လျက် ကိုက်ဖြတ်ချမှ ရိုက်ပုတ်၍ နှင်ထုတ်လိုက်ကြလေသည်။

www.dhammadownload.com



၅။ ဘုရားရှင်က စိဉ္ဆမောဏအား အောင်မြင်ခြင်း။

www.dhammadownload.com

## ၆။ အယူဝါဒပြိုင်လာသော သစ္စကပရိဗျိုင်ကို အောင်တော်မူခြင်း။

ဝေသာလီပြည်၌ သစ္စက မည်သော ပရိဗိုဇ်သည် အယူဝါဒ အမျိုးမျိုးကို နားလည်၍ မင်းသားတို့အား အတတ်သင်ပေးနေသော ဆရာကြီးတည်း၊ သူသည် တိတ္ထိဆရာ အမျိုးမျိုးကို နိမ်ချိုးခဲ့ပေါင်း များလုပြီဖြစ်၍ ဗုဒ္ဓကိုလည်း နှိမ်ချိုးမည်ဟုကြံစည်နေ၏၊ တနေ့သ၌ အရှင် အဿဇီထေရီနှင့် တွေ့ရာမှ ဗုဒ္ဓအယူဝါဒကို သိရသဖြင် ဗုဒ္ဓနှင့် ဝါဒပြိုင်ဘို့ထွက်လာလေရာ အရှုံးအနိုင်သိလိုသော လူအပေါင်း များစွာလည်း ပါလာလေသည်။

ဝါဒစမ်းရာ၌ ရုပ်ခန္ဓာသည် အနတ္တ (စီမံနိုင်သော အတ္တမရှိ) ဟူသော ဗုဒ္ဓစကားကို "အတ္တ" ဟုငြင်း၏။ "အတ္တရှိလျှင် ရုပ်ခန္ဓာကို လှအောင် စီမံပါစေလား" ဟု မိန့်တော်မူရာ မလှုပ်နိုင်၍ ငုတ်တုတ် ပေနေလေသည်၊ ၂-ကြိမ် မေးလည်း မလှုပ်ချေ ထိုအချိန်မှာ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်၍ ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်နေ၏၊ ထို့ကြောင့် တတိယ အကြိမ်၌ " ရုပ်ခန္ဓာသည် "အနတ္တဟုဝန်ခံရလေတော့သည်။

www.dhammadownload.com



၉။ ဘုရားရှင်က သစ္စာ ပရိပုဏ်အား အောင်မြင်ခြင်း။

(၁)

www.dhammadownload.com

## ၇၊ နန္ဒောပနန္ဒနဂါးမင်း ကိုအောင်တော်မူခြင်း။

နန္ဒောပနန္ဒနဂါးမင်းသည် နတ်မင်းအလား ကြီးကျယ်ခမ်းနား လှစွာသော စည်းစိမ်ဖြင့် မြင့်မိုရ်တောင်၌နေ၏၊ လွန်စွာလည်း ဒေါသကြီး၏၊ တနေ့သ၌ ကချေသည်နဂါးမအပေါင်း ခြံရံကာ စည်းစိမ်ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုးကြီး ရဟန်းတော် များနှင့်အတူနဂါးမင်း၏ အထက်ကောင်းကင်မှ တဝဝတိံသာသို့ ကြွတော်မူလေသော် နဂါးမင်းသည် ပြင်းထန်စွာ ဒေါသဖြစ်၍ မြင့်မိုရ်တောင်နှင့် တဝဝတိံသာကို ရစ်ပါတ်အုပ်ဖုံးထားလေသည်။

လမ်းခုလပ်သို့ ရောက်သောအခါ တဝဝတိံသာကို မမြင်ရ သဖြင့် နဂါးမင်းဖုံးအုပ်ထားကြောင်းကို သိကြသော ရဟန်း တော်တို့သည် နဂါးကိုဆုံးမရန် ခွင့်တောင်းကြသော်လည်း ခွင့် မရဘဲ အရှင်မောဂ္ဂလ္လာန် တောင်းမှ ခွင့်ရလေသည်၊ အရှင် မောဂ္ဂလ္လာန်သည် နဂါးယက်ကြီးသော ကိုယ်ကိုဖန်ဆင်း၍ နဂါး အထက်က ရစ်ပါတ်ဖုံးအုပ်ကာ ဖိ၍ ညှပ်ခြင်း စသည်ဖြင့် နှံနှာ အောင်ဆုံးမပြီးမှ ဘုရားထံခေါ်လာ၍ ရတနာ ၃-ပါးကို ကိုးကွယ် စေလေသည်။

www.dhammadownload.com



၇၊ ဘုရားရှင်က နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်ခြင်း။

www.dhammadownload.com

## ၈။ မိန္ဆာအယူရှိနေသော ဗကဗြဟ္မာမင်းကို အောင်တော်မူခြင်း။

ဗက-မည်သော ဗြဟ္မာကြီးသည် ပဋ္ဌမစ္ဈာန်ဘုံ၌ ဗြဟ္မာမင်းဖြစ်သူတည်း၊ သူသည်အထက်၌ ဗြဟ္မာဘုံများ ရှိသေးကြောင်း မသိ၍ သူ့ဘုံကိုပင် ထိပ်ဆုံးဟုမှတ်ထင်ကာ သူနှင့်တကွ ဘုံဌာန ကိုလည်း "နိစ္စ-အမြဲတည်၏" ဟု အယူရှိနေ၏၊ ဗုဒ္ဓသည် ဗြဟ္မာပြည်သို့ ကွတော်မူ၍ ဗြဟ္မာပရိသတ်အလယ်၌ သူ့အား ဤဘုံဌာနထက် သာလွန်သောအထက်ဘုံတွေရှိသေးကြောင်း၊ ဤဘုံနှင့် ဗြဟ္မာတွေပါ မမြဲကြောင်းကို မိန့်တော်မူလေသည်။

ထို့နောက် ဗကဗြဟ္မာကိုပင် "သင်၏ ဖြစ်ပုံ သင်၏တန်ခိုးကြီးပုံကိုငါသိသည်၊ သင့်ထက်တန်ခိုးကြီးသော အထက် ဗြဟ္မာမင်းများရှိသေးသည်" ဟု မိန့်တော်မူရာ သူယူထားသမျှ အမှားချည်းဖြစ်နေသောကြောင့် တန်ခိုးပြသည့် အနေဖြင့် "ကိုယ်ဖျောက်ပြမည်"ဟု ပြော၍ ကိုယ်ဖျောက်လေလျှင် မပျောက်နိုင်ဘဲဖြစ်နေသောကြောင့် ဘုရားက ကိုယ်ဖျောက်ပြပြန်ရာ၊ ထိုနေရာမှာပင် ပျောက်သွား၍ တရားဟောတော်မူသည်။

www.dhammadownload.com



။ ဘုရားရှင်က ဗကဗြဟ္မာမင်းကို အောင်မြင်တော်မူခြင်း။

www.dhammadownload.com



# ၁-မင်္ဂလသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတ္ဝာ။

၄။ ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၅။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

www.dhammadownload.com



၆။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယ္ယာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေစ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာစ ယာ ဝါစာ၊ ဧတံ မင့်လမုတ္တမံ။

၉။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၃။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၄။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တံမင်္ဂလမုတ္တမံ။

၁၆။ ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

www.dhammadownload.com

# ၁-မင်္ဂလသုတ်အနက်

၁။ သဒ္ဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံ မင်္ဂလံ၊ အကြင် မင်္ဂလာ တရားတော်ကို။ ဒ္ဝါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ စီးပွားခြမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတ္တိံသဥ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ နာဓိဂစ္ဆန္တိ နအဓိဂစ္ဆန္တိဧဝ၊ မသိနိုင်ကုန်သည် သာလျှင်ကတည်း။

၂။ ဒေဝဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွား အလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်ထသော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟေ၊ အို့....သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေ ကဿပ၊ အရှင်မဟာ ကဿပ။ ဣဒံ သုတ္တံ၊ ဤ မဟာမင်္ဂလ သုတ်တော်ကို။ မေမယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလဘ္ဘိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်

www.dhammadownload.com



သူငှေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုး အမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယာမ် လွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင် အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန် နှစ်လိုဘွယ်သော အဆင်းရှိ သည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍....

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင် သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာ ဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့ နားတော်လျှောက်ပေ၏။

၅။ ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။အာကင်္ခမာနာ၊ လိုချင် တောင့် တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်

www.dhammadownload.com



တို့ကာလပတ်လုံး။ အစိန္တယ်၊ ကြံကြကုန်၏။ စိန္တယန္တာပို့၊ ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တီ၊ မသိနိုင်ကုန်။ တံ၊ ထို မင်္ဂလာတရားတော်မြတ်ကို။ တုံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။

၆။ ဘော ဒေဝပုတ္တ၊ အို နတ်သား။ ဗာလာနံ၊သူမိုက်တို့ကို။ ယာ အသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသော သူတို့ကို။ ယာ သေဝနာစ၊ အကြင် မှီဝဲဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ယာပူဇာ စ၊ အကြင် ပူဇော်ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇။ ဘော ဒေဝပုတ္တ၊ အိုနတ်သား၊ပတိရူပ ဒေသဝါသောစ၊ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ် သည်လည်းကောင်း။ အတ္တသမ္မာပဏိဓိ စ။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ သုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။တုံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘော ဒေဝပုတ္တ၊ အို နတ်သား။ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ သိပ္ပဉ္စ၊ လက်မှုပညာအစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်းသည်

www.dhammadownload.com



လည်းကောင်း။သုသိက္ခိတော၊ကောင်းစွာသင်အပ်သော။ဝိနယော စ၊ ဝိနည်းတရားသည်လည်းကောင်း။သုဘာသိတာ၊ ကောင်းစွာဆို အပ်သော။ ယာဝဝါစာ စ။ အကြင် စကားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ လေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။တုံ၊သင်နတ်သားသည်။ ဂဏှာဟ၊မှတ်လေလော့။

၉။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊ အမိ အဘ တို့ကို။ ဥပဋ္ဌာနဉ္စ၊ လုပ်ကျွေးမွေးမြူ။ ရခြင်းသည်လည်းကောင်း။ ပုတ္တဒါရဿ၊ သား မယားတို့အား။ သင်္ဂဟော စ၊ သင်္ဂြိုဟ်ထောက် ပံ့ ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့်အရှက် မရှိ ကုန်သော။ ကမ္မန္တာ စ၊ အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင် နတ်သား သည်။ ဂဏှာဟ၊ မှတ်လေလော့။

၁၀။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်း သည်လည်းကောင်း။ ဓမ္မစရိယာစ၊ မြတ်သောအကျင့်ကို ကျင့်ရ ခြင်း သည်လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုး တို့အား။ သင်္ဂဟော စ၊ သင်္ဂြိုဟ် ထောက်ပံ့ ရခြင်းသည် လည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိ စ၊ အမှုတို့ကို ပြုရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရတီ စ၊ ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ ဝိရတီ စ၊ အထူးသဖြင့်ရှောင်ကြဉ် ရခြင်းသည်လည်းကောင်း။ မဇ္ဇပါနာ၊

www.dhammadownload.com



သေရည်သေရက်တို့ကို သောက်ခြင်းမှု။ သံယမော စ၊ ကောင်းစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှု တို့၌။ အပ္ပမာဒေါ စ၊ မမေ့မလျော့ ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ့၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘော ဒေဝပုတ္တ၊ အို်နတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သော သူတို့ကိုရိုသေရခြင်းသည်လည်းကောင်း။ နိဝါတော စ၊ မိမိကိုယ်ကို နှိမ့်ချ ရခြင်းသည်လည်းကောင်း။ သန္တုဋ္ဌိ စ၊ ရောင့်ရဲလွယ်ရခြင်းသည်လည်းကောင်း။ ကတညုတာ စ၊ သူပြုဘူးသော ကျေးဇူးကို သိရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မသဝနဉ္စ၊ သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ့၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၃။ ဘော ဒေဝပုတ္တ၊ အို်နတ်သား။ ခန္တီစ၊ သည်းခံရခြင်းသည်လည်းကောင်း။သောဝစဿတာ စ၊ သူတော်ကောင်းတို့ဆုံးမအပ်သောစကားကိုနာလွယ်သောသူ၏အဖြစ်သည် လည်းကောင်း။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ ဒဿနဉ္စ၊ ဖူးမြင်ရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာ စ၊ တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ့၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

www.dhammadownload.com



၁၄။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ တ ပေါစ၊ ခြိုးခြံစွာ ကျင့်ရခြင်း သည်လည်းကောင်း။ ဗြဟ္မစရိယဥ္စ၊ မြတ်သောအကျင့် ကို ကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို။ ဒဿနဥ္စ၊ သိမြင်ရခြင်းသည်လည်းကောင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန် ချမ်းသာကို။ သစ္ဆိကိရိယာ စ၊ မျက်မှောက်ပြုရခြင်း သည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင် နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘော ဒေဝပုတ္တ၊ အို နတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊စိတ်သည်။ နကမ္မတိ၊မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ၊ ရမက်ဟူသောမြို့လည်း မရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ တောဒိသာနိ၊ ဤသို့ သဘောရှိကုန်သော၊ အဋ္ဌတ္တိံ သမင်္ဂလာနိ၊ သုံးဆယ် ရှစ်ပါးသော မင်္ဂလာတရားတော်တို့ကို၊ကတ္ဝာန၊ပြုကျင့်ရသောကြောင့်၊သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌၊ အပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ သောတ္ထိံ၊ချမ်းသာခြင်းသို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။ တံ၊ထိုသုံးဆယ် ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထိုနတ်လူ တို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တုံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

**မင်္ဂလသုတ်အနက်ပြီး၏။**

www.dhammadownload.com

## မင်္ဂလာတရား

# သုံးဆယ့်ရှစ်ပါးသရုပ်

### "အသေဝနာစ ဗာလာနံ" ဟူသော ပုဒ်၌ ၃-ပါး

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်း တပါး။

၂။ ပညာရှိသောသူတို့ကို မှီဝဲ ဆည်းကပ်ရခြင်းလည်း တပါး။

၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်း တပါး။

---

### "ပတိရူပ ဒေသဝါသောစ" ဟူသောပုဒ်၌ ၃-ပါး

၁။ တင့်အပ် လျောက်ပတ်သောအရပ်၌နေရခြင်းလည်းတပါး။

၂။ ရွေးရွေးသောကိုယ်၏အဖြစ်၌ပြုအပ်သောကောင်းမှုရှိသော သူ၏ အဖြစ်လည်း တပါး။

၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တပါး။

---

### "ဗာဟုသစ္စဉ္စ သိပ္ပဉ္စ" ဟူသော ပုဒ်၌ ၄-ပါး

၁။ အကြားအမြင်များသောသူ၏ အဖြစ်လည်းတပါး။

၂။ အပြစ်မရှိသော အတတ်ကိုတတ်ရခြင်းလည်း တပါး။

၃။ ကောင်းစွာသင်အပ်သော ဝိနည်းစာရားလည်း တပါး။

၄။ ကောင်းစွာဆိုအပ်သော စကားလည်း တပါး။

www.dhammadownload.com



“မာတာပိတု ဥပဋ္ဌာနံ”ဟူသော ပုဒ်၌ ၃-ပါး

၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။
၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တပါး။
၃။ အနှောင့်အရှက်မရှိသောအမှုလည်း တပါး။

---

“ဒါနဉ္စ ဓမ္မစရိယာ”ဟူသော ပုဒ်၌ ၄-ပါး

၁။ အလှူပေးရခြင်းလည်း တပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တပါး။
၄။ အပြစ်မရှိသောအမှုလည်း တပါး။

---

“ဩရတီ ဝိရတီ”ဟူသော ပုဒ်၌ ၄-ပါး

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ရခြင်းလည်း တပါး။
၃။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာ ကြဉ်ရှောင်ရခြင်း လည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

---

“ဂါရဝေါစ နိဝါတောစ”ဟူသောပုဒ်၌ ၅-ပါး။

၁။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်း တပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်း တပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။
၅။ လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်းလည်း တပါး။

www.dhammadownload.com



"ခန္တီစ သောဝစဿတာ"ဟူသော ပုဒ်၌ ၄-ပါး

၁။ သည်းခံရခြင်းလည်း တပါး။

၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာ လွယ်ရခြင်းလည်း တပါး။

၃။ ရဟန်း ပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်း တပါး။

၄။ လျောက်ပတ်သောအခါ၌တရားစကားကို ဆွေးနွေးမေးမြန်း ရခြင်းလည်း တပါး။

---

"တပေါစ ဗြဟ္မစရိယဉ္စ"ဟူသောပုဒ်၌ ၄ပါး

၁။ ခြိုးခြံစွာကျင့်ရခြင်းလည်း တပါး။

၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်း တပါး။

၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တပါး။

၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တပါး။

---

"ဖုဋ္ဌဿ လောကဓမ္မေဟိ"ဟူသော ပုဒ်၌ ၄-ပါး

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ ငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တပါး။

၂။ စိုးရိမ်ခြင်း မရှိသည်လည်း တပါး။

၃။ ရမ္မက်ဟူသော မြူကင်းခြင်းလည်း တပါး။

၄။ ဘေးမရှိခြင်းလည်း တပါး။

---

www.dhammadownload.com

# မင်္ဂလသုတ် အမေး အဖြေ

မေး။ ယခု အဘယ်စာကို သင်သနည်း။

ဖြေ။ မင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

မေး။ မင်္ဂလသုတ်၌ အပြားအဘယ်မျှရှိသနည်း။

ဖြေ။ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

မေး။ အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။

ဖြေ။ ဒေသနာ ပရိယောသာန နိဂုံးအဆုံးဖြစ်သော "တောဒိသာနိ အဋ္ဌတ္တိံသ မင်္ဂလာနိ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး။ အဘယ်မျှသောဂါထာဖြင့် ဟောတော်မူပါသနည်း။

ဖြေ။ ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ ဟောတော်မူသော ဂါထာကား အဘယ်ဂါထာနည်း။

ဖြေ။ အသေဝနာစလည်း တဂါထာ၊ ပတိရူပလည်း တဂါထာ၊ ဗာဟုသစ္စလည်း တဂါထာ၊ မာတာပိတုလည်းတဂါထာ၊ ဒါနလည်း တဂါထာ၊ အာရတီလည်း တဂါထာ၊ ဂါရဝေါစလည်းတဂါထာ၊ ခန္တီစလည်းတဂါထာ၊ တပေါစလည်း တဂါထာ၊ ဖုဋ္ဌဿလည်း တဂါထာ ဤ ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ ဘယ်အရပ်မှာ ဟောသနည်း။

ဖြေ။ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်ဟု အဘယ့်ကြောင့် တွင်သနည်း။

(ဆိုသနည်းဟုလည်းမေး။)

www.dhammadownload.com



ဖြေ၊ "သဗ္ဗံ ဓနမေတ္ထ အတ္ထီတိ" ဟုပါဠိရှိသောကြောင့်ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာအပေါင်းတို့သည် လိုရာမတ ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာဟောတော်မူသနည်း။

ဖြေ။ ဇေတဝန် ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်ဟုအဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ဇေတမင်းသား၏ ဥယျာဉ်မြေကို ဥဒေအသပြာအတိခင်းပြီး လျှင် မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ပါသည်ဘုရား။

မေး။ အဘယ်သူ ဆောက်သနည်း။

ဖြေ။ အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

မေး။ အနာထပိဏ်သူဌေးဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ "အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော" ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာမရှိသော၊ သူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ်သူဌေးဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ငယ်မည်ကို အဘယ်သူခေါ်သနည်း။

ဖြေ။ သုဒတ္တ ခေါ်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည်သာဝတ္ထိပြည်နှင့် နီးသလော ဝေးသလော၊ အရှေ့,အနောက်, တောင်,မြောက်စသည် တို့တွင် အဘယ်အရပ်မှာနည်း။

www.dhammadownload.com



ဖြေ။ "ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဋ္ဌသတမတ္တာ ဒက္ခိဏာပထေ" ဟူသော သာဓကပါဠိ ရှိသော ကြောင့် သာဝတ္ထိပြည်၏ တောင်အရပ်၌ဖြစ်သော ကုလလေးတာ အပြန်ငါးရာအရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော၊ စပယ်ရုံလော၊ ဦးပြည်းလော။

ဖြေ။ "တိဘူမိကေသု ဂန္ဓကုဋီသု" ဟူ၍ သာဓကပါဠိ ရှိသော ကြောင့် စုလစ် မှန်းချန်တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်ဆာဆင်အပ်၍ ဘုံသုံးဆင့်ရှိသော ဇေတဝန်ကျောင်းတော် ဖြစ်ပါသည်ဘုရား။

မေး။ အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ။ အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်ကြောင့် မထင်ရှားသော နတ်သားဟုဆိုသနည်း။

ဖြေ။ "အထ ခေါ အညတရာ ဒေဝတာ" ဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

မေး။ မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ။ ဣန္ဒ သက္က သိကြားဟု ဆိုပါသည်ဘုရား။

မေး။ အဘယ်အခါ တောင်းပန်သနည်း။

ဖြေ။ သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။

မေး။ အဘယ့်ကြောင့် သိရသနည်း။

ဖြေ။ "အဘိက္ကန္တဉ္စာယ ရတ္တိယာ" ဟူသော ပါဠိကိုထောက်၍သိရပါသည်ဘုရား။

www.dhammadownload.com



မေး။ မထင်ရှားသောနတ်သားကို အဘယ် အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။

ဖြေ။ ဘုရားသခင်၏ခြေရင်းတော်၌ ညဉ့်ဦးယာမ်ကာလစတုမဟာရာဇ်နတ်တို့ ဆည်းကပ် ဖူးမြော် ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသည်။ သန်းခေါင်ယာမ်အခါ၌ တာဝတိံသာနတ် သိကြားတို့ ဆည်းကပ်ဖူးမြော်မြဲအချိန်အခါ ဖြစ်ပါသည်၊ မိုးသောက်ယာမ်ကာလ ဗြဟ္မာတို့ဆည်းကပ်ဖူးမြော်မြဲအချိန် အခါဖြစ်ပါသည်။ ထိုအချိန်ကာလ သုံးပါးတို့တွင် သန်းခေါင်ယာမ် အချိန်ဖြစ်သောကြောင့် သိကြားဟု ဆိုပါသည်ဘုရား။

မေး။ သိကြား တောင်းပန်ကြောင်း အဘယ်သူ ကြားသနည်း။

ဖြေ။ အရှင်အာနန္ဒာ ကြားပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ့်ကြောင့် သိရသနည်း။

ဖြေ။ "အာနန္ဒာတွေ့ရေန သုတံ" ဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားသော် အဘယ်သူကို ပြောသနည်း။

ဖြေ။ အရှင်မဟာကဿပ မထေရ်ကို ပြောပါသည်ဘုရား။

မေး။ အရှင်မဟာကဿပဟု အဘယ့်ကြောင့်ခေါ်သနည်း။

ဖြေ။ "ကဿကကမ္မာဒီသုသံဝေဂံ ပဋိလဘိတ္ဝာန ပဗ္ဗဇနတောတိ ကဿပေါ" ဟူသောဝိဂ္ဂိုဟ်ပါဠိနှင့် အညီလယ်ယာလုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်းတရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟု ခေါ်ပါသည်ဘုရား။

www.dhammadownload.com



မေး။ ငယ်မည်ကို အဘယ်သူဆိုသနည်း။

ဖြေ။ ရှေ့အဆင်းကဲ့သို့ ကိုယ်သားကိုယ်ရေတို့၏ တင့်တယ်ခြင်း ရှိသောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါသည်ဘုရား။

မေး။ မင်္ဂလာ သုံးဆယ့်ရှစ်ပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ။ အသေဝနာစ၊ပ၊တေမင်္ဂလမုတ္တမံ ဟူသော ပဌမဒေသနာတော်၌ မင်္ဂလာသုံးပါး။ ပတိရူပ၊ ပ၊ တေမင်္ဂလ မုတ္တမံ ဟူသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဗာဟုသစ္စဉ္စ၊ပ၊တေမင်္ဂလမုတ္တမံဟူသောတတိယဒေသနာတော်၌ မင်္ဂလာလေးပါး။ မာတာပိတု၊ ပ၊ တေ မင်္ဂလမုတ္တမံ ဟူသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဒါနဉ္စ၊ ပ၊ တေမင်္ဂလမုတ္တမံ ဟူသောပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါး။ အာရတီ၊ ပ၊ တေ မင်္ဂလမုတ္တမံ ဟူသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာလေးပါး။ ဂါရဝေါစ၊ ပ၊ တေ မင်္ဂလမုတ္တမံ ဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး။ခန္တီစ၊ ပ၊ တေမင်္ဂလမုတ္တမံဟူသောအဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး။ တပေါစ၊ ပ၊ တေမင်္ဂလမုတ္တမံ ဟူသော နဝမဒေသနာတော်၌မင်္ဂလာလေးပါး။ဖုဋ္ဌဿ၊ပ၊ တေမင်္ဂလမုတ္တမံဟူသော ဒသမဒေသနာတော်၌ မင်္ဂလာလေးပါး။ ဤသို့အားဖြင့် မင်္ဂလာသုံးဆယ့်ရှစ်ပါး ရှိပါသည်ဘုရား။

မေး။ အသေဝနာအစရှိသော ပဌမ ဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ သူမိုက်တို့ကို မမှီဝဲမဆည်းကပ် ရခြင်းသည်လည်း မင်္ဂလာတပါး၊ ပညာရှိသော သူတို့ကို မှီဝဲဆည်းကပ်နှီးနှော ရခြင်း

www.dhammadownload.com



သည်လည်း မင်္ဂလာတပါး၊ ဘုရား အစရှိသော ရတနာသုံးပါးတို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပဌမ ဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါသည် ဘုရား။

မေး။ အသေဝနာစ အစရှိသော ပဌမ ဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ။ ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး၊ ရှေးကပြုခဲ့ဘူးသော ကောင်းမှုရှိခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို ကောင်းစွာဆိုန်းသိမ်းစောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါသည်ဘုရား။

မေး။ ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊ ဗာဟုသစ္စဉ္စ အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ကျမ်းဂန်တရား အကြားအမြင် များရခြင်း သည်လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်း ကင်းသော နှုတ်မှုအဘတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကောင်းစွာသိအပ်သော ဝိနည်းတရားတို့ကိုသင်ကြားရခြင်းသည်လည်း

www.dhammadownload.com



မင်္ဂလာတပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆို ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဗာဟုသစ္စဉ္ဉအစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး ရှိပါသည်ဘုရား။

မေး။ ဗာဟုသစ္စဉ္ဉ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး၊ သားမယားတို့အား သင်္ဂြိဟ် ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊ အနှောင့်အရှက်မရှိသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းအမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါး ဖြစ်ပါသည်ဘုရား။

မေး။ မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ။ ဒါနဉ္စ အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားကိုကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အဆွေအမျိုး တို့အား သင်္ဂြိဟ်ထောက်ပံ့ ရခြင်းသည်လည်း မင်္ဂလာတပါး၊ အပြစ်မရှိသော အကြင်အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒါနဉ္စ အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

www.dhammadownload.com



မေး။ ဒါနဥ္ဇ အစရှိသော ပဥ္ဇမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးကိုသိရပါပြီ။ အာရတီအစရှိသော ဆဋ္ဌဒေသနာ တော်၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ မကောင်းမှုကို မပြုမူ၍ ဝေးစွာ ကြဉ်ရှောင် ရခြင်းသည် လည်း မင်္ဂလာတပါး၊ကိုယ်၏အသက်ကို ၉ ကွက်ခြင်းကင်း သောစိတ်ဖြင့်"ငါသည် မကောင်းမှုကိုမပြုပြီ၊ငါ၏အသက် သေသော်လည်းသေပါစေ၊ သူ၏အသက်ကိုမသတ်မူ၍ သူ့ ဥစ္စာကိုခိုးယူခြင်း အစရှိသော အမှုကိုမပြုပြီ" ဟု အထူး သဖြင့် ကြဉ်ရှောင်ခြင်းသည်လည်း မင်္ဂလာတပါး။

မေး။ သုရာငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ပိ့ဋ္ဌသုရာ၊ မုန့်ညက်ဖြင့် ပြုသော သေ။ ပူဝသုရာ၊ မုန့်ဖြင့် ပြုသောသေ၊ ဩဒနသုရာ၊ ထမင်းဖြင့်ပြုသောသေ။ ကိဏ္ဏ ပက္ခိတ္တသုရာတဆေးထည့်၍ပြုသောသေ။သမ္ဘာရသံယုတ္တာ များစွာသော အဆောက်အဦတို့ဖြင့် ပြုသောသေ။ ဤ သည်ကား သေငါးပါး ဖြစ်ပါသည်ဘုရား။

မေး။ မေရယ ငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ပုပ္ပါသဝေါ၊ အပွင့်ရည်ဖြင့်ပြုသောအရက်။ ဖလာသဝေါ၊ သစ်မည်စည်သီး အစရှိသည်တို့ဖြင့်ပြုသော အရက်၊ မဓွာ သဝေါ၊ မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။ ဂုဋ္ဌာသဝေါ၊ ကြံရည်တို့ဖြင့် ပြုသော အရက်၊ သမ္ဘာရ သံယုတ္တော၊ များစွာသော အဆောက်အဦတို့ဖြင့် ပြုသော အရက်။ဤသည်တို့ကားမေရယငါးပါးဖြစ်ပါသည်ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ

www.dhammadownload.com



စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး။ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကမ္မ တည်းဟူသော ကုသိုလ်တရားဆယ်ပါးတို့၌ မမေ့လျော့ရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် အာရတီအစရှိသော ဆဋ္ဌ ဒေသနာတော်၌မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မေး။ အာရတီအစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ။ ဂါရဝေါစ အစရှိသော သတ္တမ ဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ဇာတ်, ဂုဏ်ရှိသော သူတို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကိုနှိမ့်ချရခြင်း သည်လည်းမင်္ဂလာတပါး၊ ရရ သမျှသော ပစ္စည်းအသုံး အဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာ တပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာ တပါး၊ လျောက်ပတ်သောအခါ၌တရားတော်ကိုနာရခြင်း သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် သတ္တမဒေသနာ တော်၌ မင်္ဂလာတရား ငါးပါးဖြစ်ပါသည်ဘုရား။

မေး။ သတ္တမ ဒေသနာတော်ဖြစ်သော ဂါရဝေါစ၌ မင်္ဂလာ တရားငါးပါးကိုသိရပါပြီ။ ခန္တီစ အစရှိသော အဋ္ဌမဒေသ နာတော်၌ မင်္ဂလာတရားလေးပါး ဟူသော်ကား အဘယ် သည်တို့နည်း။

www.dhammadownload.com



ဖြေ။ ကိုယ့်အောက်ယုတ်သောသူတို့ကိုသည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သော သူ၏ အဖြစ်သည်လည်း မင်္ဂလာတပါး၊ ရဟန်း ပုဏ္ဏားတို့အား ဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊လျောက်ပတ်သော တရားစကားကို နှိုးနှောပြောဆို ဆွေးနွေး မေးမြန်းရခြင်း သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမဒေသနာ တော်ဖြစ်သော ခန္ဓိစဋ္ဌမင်္ဂလာတရား လေးပါးဖြစ်ပါသည် ဘုရား။

မေး။ အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္ဓိစဋ္ဌမင်္ဂလာ တရားလေး ပါးကိုသိရပါပြီ။တပေါစအစရှိသောနဝမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသည်ကားအဘယ်သည်တို့နည်း။

ဖြေ။ ခြိုးခြံစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ မြတ်သော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတည်းဟူသော ဗြဟ္မ စိုရိတရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယ သစ္စာတရားမှန်တို့ကိုသိမြင်ရခြင်းသည်လည်းမင်္ဂလာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာကပါး၊ ဤသို့အားဖြင့် တပေါစအစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး။ နဝမ ဒေသနာတော်ဖြစ်သော တပေါစ၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ။ဖုဋ္ဌဿအစရှိသော ဒသမ ဒေသနာ တော်၌ မင်္ဂလာတရားလေးပါးဟူသော်ကား အဘယ်သည် တို့နည်း။

www.dhammadownload.com



ဖြေ။ လာဘော, အလာဘော၊ ယသော, အယသော၊ နိန္ဒ်ာ, ပသံသာ၊ သုခံ, ဒုက္ခံ တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်း မရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ထို လောကဓံတရား ရှစ်ပါးတို့ကိုတွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာရမ္မက် ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင်သော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက်ခြင်းကင်းသော အဖြစ်သည်လည်းမင်္ဂလာတပါး၊ ဤသို့အားဖြင့်ဒသမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

မေး။ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပ မထေရ်အား ပြောသည်ဆိုသော် အဘယ် အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်ဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ စကြဝဠာတေးအစရှိသော ဘုန်းကြီးသောမင်းတို့သည် သိမ်းယူရာ ဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့အနောက်-တောင်-မြောက် စသော အရပ်တွင် အဘယ် အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည် မြို့ပြင်မြောက်ဘက်အရပ် ဝေဘာရ တောင်ဝှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝင် နတ်တို့

www.dhammadownload.com



ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်ဆာ ဆင်အပ်သော ချောမော ပြေပြစ် ဆန်းကြယ်လှစ္ဆာသော ရတနာသဘင်မဏ္ဍပ်မှ ဣန္ဒနီလာ,မသာရဂလ်, မနောမယ အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော တွေ့တွေ့ ဒီးဒီး ရွှေချောင်းစီးသကဲ့သို့ လျှံ ညီးတောက်ပသောပလ္လင် ထက်၌ အဘိုးအတိုင်းမသိထိုက်သော ခင်းနှီး နေရာပေါ် တွင် ဆင်စွယ်စီသောယပ်ကို ကိုင်၍ အရှေ့စူးစူးသို့ မျက် နှာပြုလျက် နေတော်မူပြီးလျှင် ပဋ္ဌမသင်္ဂါယနာကို အမှူး ပြု၍ ဆောင်ရွက်တော်မူသောအရှင်မဟာကဿပရဟန္တာ ကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာက ဖြေလျှောက် ပါသည်ဘုရား၊ နတ်သားတောင်းပန်၍ ဟောတော်မူသော အခါ ကုဋ္ဌေ ရှစ်သန်းမျှလောက်ကုန်သော နတ်သားတို့ သည် ရဟန္တာ ဖြစ်ကုန်၏ဟု ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သူ အနန္တဟု ဆိုပါသည် ဘုရား။

**မင်္ဂလသုတ် အမေးအဖြေ ပြီး၏။**

www.dhammadownload.com

မင်္ဂလသုတ်၌

# အထူးမှတ်ရန် အဓိပ္ပါယ်

## မင်္ဂလသုတ်၌ အဓိပ္ပါယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှထည့်သွင်းလိုက်ပါဦးအုံ

ကေမန္တံ အဌာသိ ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား....နီးလွန်းသော အရပ်၊ ဝေးလွန်းသောအရပ်၊ လည်ပြစ်သောအရပ်၊မြင့်သောအရပ်၊ ရှေ့တူရှုဖြစ်သော အရပ်၊ နောက်တူရှု ဖြစ်သော အရပ်၊ ၎င်းခြောက်ရပ်မှလွတ်သောအရပ်ကို ဆိုလိုသည်။

ပတိရူပ ဒေသဝါသောစ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား— ရတနာသုံးပါး ထင်ရှားရှိသောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္တာသမ္မာပဏိဓိစ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား....ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာစ ယာဝါစာ ဟူသောပါဠိ၏အဓိပ္ပါယ်ကား.... ပိသုဏဝါစာမှကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကို ဆိုလိုသည်။

ပုတ္တဒါရဿ သင်္ဂဟော ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... သရဏကုံဆောက်တည်၍ ပဉ္စသီကိုထိန်းစောင့်၍ ကုသိုလ်ကောင်းမှုကိုပြု၍ တရားတော်နှင့်အညီ သားမယားကို မွေးမြူရမည် ဆိုလိုသည်။

www.dhammadownload.com



ဒါနဥ္စ ဓမ္မစရိယာ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ဆွမ်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်,ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာ နေရာ, ဆီမီး ၎င်းဒါန၀တ္ထု ဆယ်ပါး၊ သူနှဲ့တို့၏ အထောက်အပံ့ဖြစ်သောဆေး၊ ဤဆယ့်တပါးကို ဒါနဥ္စပုဒ်၌ သင်းအပ်၏။ ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာပုဒ်၌ သင်းအပ်၏။ အဋ္ဌင်္သီလကို အန၀ဇ္ဇာနိ ကမ္မာနိ ဟူသောပုဒ်၌ သင်းအပ်၏။

အာရဒ္ဓဝီရိယ ပါဠိ၏ အဓိပ္ပါယ်ကား.... စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရဒ္ဓဝီရိယမည်၏။ ကိုယ်,စိတ်နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝီရိယမည်၏။

မဇ္ဈပါနပါဠိ၏အဓိပ္ပါယ်ကား.... သုရာငါးပါး၊ မေရယငါးပါး ကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

သန္တုဋ္ဌိစ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား— ကိုလေသာတို့ကို ခေါင်းပါးစေခြင်းငှါ လောဘအာရုံသို့ မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မသ၀နံ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ကာမ ဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်, ဤမိစ္ဆာဝိတက် မ၀င်လာသောအခါသည် တရားတော်ကို နာခြင်းငှါ လျောက်ပတ်သော အခါမည်၏။

သော၀စဿတာ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... သားဇတော် ရာဟုလာကို ဩ၀ါဒ ပေးတော်မူသောအခါ တဒ္ဓန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့ သူတော်ကောင်းတို့ ဆုံးမစကားကို တဒ္ဓန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည် ဆိုလိုသည်။

www.dhammadownload.com



သမဏာနဥ္စဒဿနံ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... သီလဝန္တ ပုထုဇ္ဇန်ပုဂ္ဂိုလ်နှင့်တကွ သေက္ခ ပုဂ္ဂိုလ် ခုနစ်ယောက်တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

တပေါစ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ဝီရိယကိုဖြစ်စေ၍ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် ထိန်းသိမ်းရမည် ဆိုလိုသည်။

ဗြဟ္မစရိယဥ္စဟူသော ပါဠိ၏အဓိပ္ပါယ်ကား... မေထုန် ၇-ပါးမှ ကြဉ်ရှောင်ရမည် ဆိုလိုသည်။

အရိယသစ္စာနဒဿနံ ဟူသော ပါဠိ၏အဓိပ္ပါယ်ကား.... သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

နိဗ္ဗာန သစ္ဆိကိရိယာစ ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... အရဟတ္တဖိုလ်သို့ ရောက်ခြင်း ဆင်ခြင်ခြင်းကို ဆိုလိုသည်။

လောကဓမ္မေဟိဟူသောပါဠိ၏ အဓိပ္ပါယ်ကား လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံ ရှိခြင်း၊ အခြံအရံ မရှိခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဤလောကဓံတရား ရှစ်ပါးကို ဆိုလိုသည်။

မဂ်လသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ်ပြီး၏။

www.dhammadownload.com

# မင်္ဂလာသုံးပေါက်

၁။ ကောလာဟလ၊ ကြုံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သင်္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြ, ဝေးဝေးခဲ့ဘ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝန၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှုဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗုတာ။
၉။ အကြား အမြင်၊ များမြောက်ပင်၊ ကြည်လင် အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယော စ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စ္ဓာ။
၁၃။ မာတာ ပိတ၊ မိန့်ဘ၊ နိစ္စလုပ်ကျေးပါ။
၁၄။ မယား, သားအား၊ သင်္ဂြိဟ်ငြား၊ တပါးမင်္ဂလာ။
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြ မှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေဋ္ဌ၊ ထက်လှစေတနာ။
၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မဋ္ဌသူတော်စ္ဓာ။
၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ,စ သင်္ဂြိဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတီ စ၊ အဓမ္မ၊ နှေးညကြဉ်ကုန်ပါ။
၂၁။ ဝိရတီ စ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။

www.dhammadownload.com



၂၂။ မင္ဂုပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ည မမေ့ရာ။
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကဲ့၊ မြတ်လှုဓမ္မတာ။
၂၅။ နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ။
၂၆။ သန္တုဋ္ဌိ စ၊ ရောင့်ရဲကြ၊ နံစွဲအလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြုံး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စ္တာ။
၃၀။ ကောင်းသည်စကား၊ ဆိုတတ်ငြား၊ အများကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလား ကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ည ဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ။
၃၆။ အရိယသစ္စာ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မင်္ဂလာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခု၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှ လွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ။
၄၃။ ကျက်၍အရာ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကြက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

မင်္ဂလာသံပေါက် ပြီး၏။

www.dhammadownload.com

# ၂-အပြင်အောင်ခြင်း ရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂီရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၃။ နာဠာဂီရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနိဝ သုဒါရုဏန္တံ။
မေတ္တာမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတ မေ ဇယမင်္ဂလံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိ ယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

www.dhammadownload.com



၅။ ကတ္ဌာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္ဇာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဓုနာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
သုတံ ဇုတိမဟိဒ္ဓိံ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

www.dhammadownload.com

# ၂-အပြင်အောင်ခြင်းရှစ်ပါး အနက်

၁။ ယော မုနိနွေ၊ အကြင်မြတ်စွာဘုရားသည်။ ဂီရိမေခလ၊ ဂီရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတသာဝုဓန္တံ၊ အလှန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွ ဖြစ်သော။ ဗဟ်ဟုံသဟဿံ၊ တထောင်သော လက်ရုံးရှိထသော။ ဃောရံ၊ ကြမ်းထမ်းစွာထသော။ သသေနမာရုံ၊ စစ်သည်နှင့်တကွသော မာရ်နတ်သားကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီအစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိနွေ၊ အကြင် မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာနတ်သားထက် အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယာမ်ပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန် စစ်ထိုးနှိုင်ထသော့။ ဃောရံ၊ ဧကြောက်မက်ဘွယ်ရှိထသော။ အကွမံ၊ သူတပါးတို့သည် သည်းခံနှိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းထမ်း ခက်မာစွာထသော။ အာဠဝကံ၊ အာဠဝက အမည် ရှိသော၊ ယက္ခံ ပန၊ ဘီလူးကိုကား။ ခန္တီသုဒန္တော်ဝိဓိနာ၊ သည်းခံတော်မူခြင်း ကောင်းစွာယဉ်ကျေး စေတော်မူခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ အာဠဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

www.dhammadownload.com



၃။ ယောမုနိန္ဒော၊ အကြင် မြတ်စွာ ဘုရားသည်။ ဒါဝဂ္ဂိ စက္ကမသနိဝ၊ တောမီး မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမဒ္ဒဘူတံ၊ အလွန်မုန်ယစ်စွာထသော။ နာဋ္ဌာဂီရိံ၊ နာဋ္ဌာဂီရိအမည်ရှိသော။ ဂဇဝရံ၊ မြတ်သော မင်းစီးဆင်ကို။ မေတ္တမ္ဗုသေက ဝိဓိနာ၊ မေတ္တာတော်ရေကို သွန်းခြင်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော် မူလေပြီ။ တံ တေဇသာ၊ နာဋ္ဌာဂီရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဥက္ခိတ္တခဂ္ဂ မဘိဟတ္ထသုဒါရုဏန္တံ၊ ချီအပ်သော သန်လျက်လက်၌ ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊သုံးယူဇနာရှိသော ခရီးကို။ဓာဝံ၊တဟုန်တည်းပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ လက်ညှိုးတည်းဟူသော ပန်းရှိသောခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ အင်္ဂုလိမာလအမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ သစ်သားကို။ ဂဗ္ဘိနိယံ၊ကိုယ်ဝန်ဆောင်သော။ဥဒရံဣဝ၊ဝမ်းကဲ့သို့။ ကတ္ဌာန၊ ပြုလတ်၍။ ဇနကာယမဇ္ဈေ၊ တရားနာပရိသတ်ဖြစ်သော

www.dhammadownload.com



လူ ရဟန်းအပေါင်းတို့ အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာအမည် ရှိသော မိန်းမညစ်၏။ဒုဋ္ဌဝစနံ၊ စုပ်စုံသောအားဖြင့် ဖျက်ဆီးသော စကားကို။ သန္ဓေန၊ ငြိမ်သက်စွာသော။ သောမဝိဓိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏စုပ်စုံသော အားဖြင့် ဖျက်ဆီးသော စကားကိုအောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟုဆိုအပ်သော ဝါဒ တည်းဟူသော မှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတပါးတို့အား နှိမ်နင်းလိုသောစိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန် မိုက်လှစွာသော ကူဋဒန္တအမည်ရှိသော သစ္စကပရိဗ္ဗိဇ်ကို။ ပညာပဒီပ ဇလိတော၊ ပညာတော်တည်းဟူသော ဆီမီး တန်ဆောင်ကို ညှိထွန်းတော်မူသည်ဖြစ်၍။ဇီတဝါ၊ အောင်တော်မူလေပြီ။တံ တေဇသာ၊ ကူဋဒန္တအမည်ရှိသော သစ္စကပရိဗ္ဗိဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ဖြစ်စေသတည်း။

၇။ ယော မုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ဝိဝိဓံ၊ အထူးထူးအပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုးရှိသော၊ နန္ဒောပနန္ဒဘုဇင်္ဂံ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇ

www.dhammadownload.com



ဂေနု၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေနု၊ သား တော် အရှင်မောဂ္ဂလာန်ကို။ မုနာပယန္တော၊ အခိုးအလျှံ ကိုထုတ် စေလျက်။ ဣဒ္ဓိ။ပဒေသဝိဓိနာ၊ တန်ခိုးတော် ဖန်ဆင်းခြင်း၌ နည်း ညွှန်ပြပဒေကိုပေးသော အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူ လေပြီ။ တံ တေဇသာ၊ နုန္နောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊ အက္ခန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

ဂ။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟ ဒိဋ္ဌိဘုဇင်္ဂနေန၊ မကောင်းသော အယူမိစ္ဆာတည်းဟူသောမြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာကိုက်အပ်သောလက်ရှိထသော။သုတံ၊ ကျော် စောစွာထသော။ ဇုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသောတန်ခိုး ရှိထသော။ ဗကာဘိဓာနံ၊ ဗက အမည်ရှိသော။ ဗြဟ္မုံ၊ ဗြဟ္မာ မင်းကို။ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသောအဆိပ်ကိုဖျောက် တတ်သော ဆေးဟူဆိုအပ်သော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ဇီတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ဗက အမည်ရှိသော ဗြဟ္မာ မင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊ အက္ခန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင် ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်း ရှစ်ပါးအနက်ပြီး၏။

www.dhammadownload.com

# ၃-အတွင်းအောင်ခြင်းရှစ်ပါးပါ၌

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာအဏ္ဍကောသမ္ပိ၊ သတ္တေ တဏ္ဍာဇလာဗုဇေ။
တမ္ပာ ဌာနာ နိက္ခာမေတိ၊ ဒေသနာဉာဏတေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံလဘာပေသိ၊ ဉာဏာလောကေန သောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ဥစ္စုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဌမဂ္ဂင်ဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယ္ဟန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၅။ သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

www.dhammadownload.com



၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဒဋ္ဌကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဓိရော၊ နာထော တိလောကဇေဋ္ဌကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၇။ သံသာရဒုက္ခကန္တာရာ၊ ကိလေသစောရဗီဇိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္ထဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၈။ ပဥ္စတာလီသ ဝဿာနိ၊ ဌတ္ဝာ လောကံ သဒေဝကံ။
ပိဝယိတ္ဝာ ဓမ္မရသံ၊ နိဗ္ဗုတော သော သဿဝကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

www.dhammadownload.com

# ၃ အတွင်းအောင်ခြင်းရှစ်ပါးအနက်

၁။ အဝိဇ္ဇာအလွှာကောသမှိ၊ အဝိဇ္ဇာ တည်းဟူသော ဥဒ္ဓံတွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာ တည်းဟူသော သားအိမ်၌ ဖြစ်ကုန်သော။ သတ္တော၊ သတ္တဝါတို့ကို။ ဒေသနာဉာဏတေဇသာ၊ ဒေသနာဉာဏ် တည်းဟူသော တန်ခိုးဖြင့်။ တမှာ ဌာနာ၊ ထို အဝိဇ္ဇာဥဒ္ဓံ တဏှာသားအိမ် အရပ်မှ။ နိက္ခာမေသိ၊ ထုတ်မြောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အက္ခန်ပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သောဇီနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်၊ မဟာမောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက် တည်းဟူသော မောဟသည်။ အဘိဘူတော၊ အလွန် နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တော၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေသိ၊ ရစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အက္ခန်ပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ နရနာဃော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိအဂ္ဂိဇာလေဟိ၊ ရာဂ အစရှိသော မီးလျှံတို့ဖြင့်။ ဒုဗ္ဘုကာယံ၊ ပူလောင်သောကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊ မဂ္ဂင် ရှစ်ပါးတည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန

www.dhammadownload.com



သစ္စဝဇ္ဇေန၊ ဤသို့သောသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ဖြစ်ပါစေသတည်း။

၄။ မဟာဓိရော၊ ကြီးမြတ်သော လုံ့လ ရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရော၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုရောဃေဟိ၊ လေးပါးသော အယဉ်တို့ဖြင့်။ ဝုယ္ဘန္တော်၊ မျောကူန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊ တရားတည်းဟူသောလှေဖြင့်။ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သောသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၁၂၄။ ပစ္ဆိမသို့ ဒိသာဘာဂေ၀၊ အနောက် မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ နာ၀ါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနဂါးတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၅။ ဥတ္တရသို့ ဒိသာ ဘာဂေ၀၊ မြောက်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဘီလူးတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၆။ ပုရတ္ထိမေန၊ အရှေ့မျက်နှာ အရပ်၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗနတ်တို့ကိုအစိုးရသောဓတရဋ္ဌနတ်မင်းဂင်း။ဒက္ခိဏေန၊တောင်မျက်နှာအရပ်၌။ ဝိရူဠ္ဟကော စ၊ ကုမ္ဘဏ် နတ်တို့ကို အစိုးရသော

www.dhammadownload.com



ဝိရူဠ္ဍက နတ်မင်းဌင်း။ ပစ္ဆိမေန၊ အနောက်မျက်နှာ အရပ်၌။ ဝိရူပက္ခော စ၊ နဂါးတို့ကိုအစိုးရသော ဝိရူပက္ခနတ်မင်းဌင်း။ညတွင်ရံ ဒီသံ၊ မြောက်မျက်နှာအရပ်၌။ ကုဝေရော စ၊ ဘီလူးတို့ကိုအစိုးရ သော ကုဝေရနတ်မင်းဌင်း။

၁၂၇။ လောကပါလာ၊ လူတို့ကို စောင့်တတ်ကုန်ထသော။ ယသဿိနော၊ အခြံအရံများကုန်ထသော။စတ္တာရော၊လေးယောက် ကုန်သော။ ဧတေ မဟာရာဇာ၊ ထိုနတ်မင်းတို့သည်။ဝဿန်း၊ နေ ကုန်၏။ တေပိ၊ ထိုနတ်မင်းကြီးတို့ သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်ဌင်း။ သုခေန စ၊ ချမ်းသာသဖြင့်ဌင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၆။ အာကာသဋ္ဌာ၊ ကောင်းကင်၌တည်ကုန်သော။ဒေဝါ စ၊ နတ်တို့သည်ဌင်း။ ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ဌင်း။ နာဂါ စ၊ နဂါးတို့သည်ဌင်း။ မဟိဒ္ဓိကာ၊ ကြီး သောတန်ခိုးရှိကုန်၏။ တေပိ၊ ထိုနတ် နဂါးတို့သည်လည်း။အရော ဂေန စ၊ အနာမရှိသဖြင့်ဌင်း။ သုခေန စ၊ ချမ်းသာသဖြင့်ဌင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၅။ ဣဒ္ဓိမန္တော၁စ၊ တန်ခိုးကြီးသည်လည်း ဖြစ်ကုန်သော။ ယေဒေဝါ စ၊ အကြင် နတ်တို့သည်လည်း။ ဣဓ သာသနေ၊ ဤသာသနာတော်၌။ ဝသန္တာ၊ နေကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်ဌင်း။သုခေန စ၊ ချမ်းသာသဖြင့်ဌင်း။အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၃၀။ သဗ္ဗီတိယော၊ ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်။ ဝိဝဇ္ဇန္တု၊ ကင်းစေကုန်သတည်း။သောကော၊ စိုးရိမ်ခြင်းသည်ဌင်း။

www.dhammadownload.com



ရောဂေါ၊ အနာသည်၎င်း။ဝိနဿတု၊ ပျောက်စေသတည်း။ တေ၊ သင့်အား။ အန္တရာယာ၊ အန္တရာယ်တို့သည်။ မာဘဝန္တု၊ မဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ ဒီဃာယုကော၊ ရှည်သောအသက်ရှိသည်။ ဘဝ၊ဖြစ်စေသတည်း။

၁၃၁။ အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရိုသေရှိခိုးသောအလေ့ရှိထသော။ နိစ္စံ၊ အမြဲလျှင်။ ဝုဍ္ဎာ ပစာယိနော၊ သီလစသော ကျေးဇူးဖြင့် ကြီးသောသူကိုရိုသေသော အလေ့ရှိထသော။ပဂ္ဂလဿ၊ပုဂ္ဂိုလ်အား။အာယု၊ အသက်သည်၎င်း။ဝဏ္ဏော၊ အဆင်းသည်၎င်း။ သုခံ၊ချမ်းသာသည်၎င်း။ ဗလံ၊ ခွန်အားသည်၎င်း။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတို့သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။

အာဠာနာဠိယသုတ္တံ၊ အာဠာနာဠိယသုတ်သည်။
နိဋ္ဌိတံ၊ ပြီး၏။

---

## ၉-အင်္ဂုလိမာလသုတ်အနက်

၁၃၂။ ယံ ပရိတ္တံ၊ အကြင် အင်္ဂုလိမာလ ပရိတ်တော်ကို။ ဘဏန္တိ၊ ရွတ်သောထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊နေရာအရပ်ကို ဆေးသော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း။ သဗ္ဗံ၊ ခပ်သိမ်းသော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိ ၈၀၊ ပျောက်စေ သလျှင်ကတည်း။

၁၃၃။ ယံ၊ အကြင် အင်္ဂုလိမာလပရိတ်သည်။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ဂဗ္ဘဝုဋ္ဌာနံ၊ ကိုယ်ဝန်ဖွားခြင်းကိုလည်း။ တခ်ဏေ၊ ထိုခဏ၌။သာဓေတိ၊ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊အင်္ဂုလိမာလ

www.dhammadownload.com



အမည်ရှိသော။ ထေရသ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပဋ္ဌာယိံ၊ အာယုကပ်ပတ်လုံး တည်ထသော။ မဟာတေဇံ၊ ကြီးသောတန်ခိုးလည်းရှိထသော။ တပရတ္တာ၊ ထုအာဂုလမာလ ပရတတောကု။ဟေ၊ အရှင် သူတော်ကောင်းတို့။ မယံ၊ငါတို့သည်။ ဘဏာမ၊ရွတ်ကြကုန်အံ့။

၁၃၄။ ဘဂိနိ၊နှမ။အဟံ၊ငါသည်။ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊ အဖြစ်ဖြင့်။ ဇာတော၊ဖြစ်၏။ တတော၊ထိုအခါမှစ၍။ သဉ္ဆိစ္စ၊သေစေလိုသော စေတနာရှိသည်ဖြစ်၍။ ပါဏံ၊အသက်ရှိသောသတ္တဝါကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ ဣတိ၊ ချဘူး၏ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။တေန သစ္စေန၊ ထိုသို့မှန်သော စကားဖြင့်။ တေ၊သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ ဝမ်းဥ်ရှိသောသတ္တဝါအား။သောတ္ထိ၊ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ အင်္ဂုလိမာလသုတ်သည်။
နိဋ္ဌိတံ၊ ပြီး၏။

---

## ၁၀-ဗောဇ္ဈင်္သုတ် အနက်

၁၃၅-၆-၇။ သံသာရေ၊ သံသရာ၌။ သံသရန္တောနံ၊ကျင်လည်ကုန်သော သူတို့၏။ သဗ္ဗဒုက္ခဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ဖျောက်တတ် ကုန်ထသော။ မာရသေနာပမဒ္ဒနေ၊ ကိလေသာဟူသော မာရ်စစ်သည်ကိုနှိပ်စက်တတ်ကုန်ထသော။ သတ္တ၊ခုနစ်ပါး

www.dhammadownload.com



ကုန်သော။ ပေဘဏ်၊ အရဟာတ္တမဂ်၏ အင်္ဂါ ဖြစ်ကုန်ထသော။ ယေ ဣမေ ဓမ္မေ၊ အကြင်တရားတို့ကို။ ဗုဇ္ဈိတ္ဝာဝ၊ သိ၍သာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသောဘဝမှ။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်ကုန်၏။ အဇာတိ၊ ပဋိသန္ဓေနေခြင်း မရှိထသော။ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိ၊ နာခြင်းမရှိထသော။ နိဗ္ဘယံ၊ ဘေးလည်းမရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။ ဧဝမာဒိ ဂုဏ္ဍုပေတံ၊ ဤသို့အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံထသော။ အနေကဂုဏသင်္ဃံ၊ များသော ကျေးဇူးတို့ကိုလည်း တက္ခယ္ယရာဖြစ်ထသော။ သြသဓ္ဓေ၊ ဆေးလည်း ဖြစ်ထသော။ မန္တဇ္ဇေ၊ မန္တရားလည်း ဖြစ်ထသော။ ဣမံ ပေဘဏ်ဇ္ဈေ၊ ဤပေဘဏ်ကိုလည်း။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ဂါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၃၈-၉-၄၀။ သတိသင်္ခါတော၊ သတိဟူ၍ ဆိုအပ်သော။ ပေဘဏ်ေါ စ၊ သမ္မောဇ္ဈင်ဂင်း။ တထာ၊ ထိုမြို့။ ဓမ္မာနံဝိစယော၊ ဓမ္မဝိစယ သမ္မောဇ္ဈင်ဂင်း။ ဝီရိယဇ္ဈေ၊ ဝီရိယသမ္မောဇ္ဈင်ဂင်း။ ပီတိ စ၊ ပီတိသမ္မောဇ္ဈင်ဂင်း။ ပဿဒ္ဓိ စ၊ ပဿဒ္ဓိသမ္မောဇ္ဈင်ဂင်း။ တထာ၊ ထိုမြို့။ အပရေ၊ တပါးကုန်သော။ သမာဓုပေက္ခာ၊ သမာဓိဥပေက္ခာ ဖြစ်ကုန်သော။ ပေဘဏ်ါ စ၊ သမ္မောဇ္ဈင်တို့ဂင်း။ သတ္တာ၊ ခုနစ်ပါး ကုန်သော။ ဧတေ ပေဘဏ်ါ၊ ထိုသမ္မောဇ္ဈင်တို့ကို။ သဗ္ဗဒဿီနာ၊ ခပ်သိမ်းသော တရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းသော အပြားဖြင့်။ ဒက္ခတာ၊ ဟောတော် မူအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်၏။ အဘိညာယ၊ ရှေ့ရှုသိအပ်သော တရားတို့ကိုသိခြင်းအကျိုးငှါဂင်း။ နိဗ္ဗာနာယ စ၊ကိလေ

www.dhammadownload.com



သာငြိမ်းခြင်း အကျိုးငှါငင်း။ ဗေဒိယာ စ၊ အရဟတ္တမဂ်ဉာဏ် အကျိုးငှါငင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၁။ ကေသို့ံ၊ တပါးသော။ သမယေ၊ အခါ၌။ နာထေဝ၊ မြတ်စွာဘုရားသည်။ မောဂ္ဂလာနဉ္စ၊ မောဂ္ဂလ္လာန် မထေရ်ကိုငင်း။ ကဿပဉ္စ၊ ကဿပမထေရ်ကိုငင်း။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။ တေ၊ ထိုမထေရ်တို့ကို။ ဒိဿွာ၊ မြင်၍။ သတ္ထာ၊ ခုနစ်ပါးကုန်သော။ ဗေဇ္ဈဂေ်၊ ဗေဇ္ဈင်တို့ကို။အဒေသယိ၊ ဟောတော်မူပြီ။

၁၄၂။ တေ စ၊ ထို မထေရ်တို့သည်လည်း။ တံ၊ ထိုဟော တော်မူသော ဗေဇ္ဈင်တရားတော်ကို။ အဘိနန္ဒိတ္ဝာ၊ အလွန်နှစ်လို၍။ တခ်ဏေ၊ ထိုခဏ၌။ ရောဂါ၊ အနာမှ။ မုစ္စိ ံသု၊ လွတ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၃-၄။ ဧကဒါ၊ တပါးသောအခါ၌။ ဓမ္မရာဇာပိ၊ တရားမင်းဘုရားသည်လည်း။ ဂေလညေန၊ အနာသည်။ အဘိပိဋိတော၊ လွန်စွာ နှိပ်စက်အပ်သည် ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံယေဝ၊ ထို ဗေဇ္ဈင်ခုနစ်ပါး တရားကိုသာလျှင်။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ ဘဏာပေတွာန၊ ဟောစေလတ်၍။ သမ္မောဒိတ္ဝာန၊ နှစ်လိုတော်မူ၍။ ဌာနသော၊ဟောသောခဏ၌။ တမှာ အာဗာဓာ၊

www.dhammadownload.com



ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၅။ တိဏ္ဏန္နမိ၊ သုံးပါးလည်းဖြစ်ကုန်ထသော။ မဟေသီနံ၊ မဟာကဿပမထေရ် မောဂ္ဂလ္လာန် မထေရ် မြတ်စွာဘုရားတို့အား။ တေ အာဗာဓာ စ၊ ထိုအနာတို့ သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။ မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့ကဲ့သို့။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်မဖြစ်ကောင်းသော သဘောသို့။ ပတ္တာဧဝ၊ ရောက်ကုန်သည်သာတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊စီးပွားချမ်းသာသည်။ဟောတု၊ဖြစ်စေသတည်း။

ဗောဇ္ဈင်္ဂသုတ္တံ၊ ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၁၁-ပုဗ္ဗဏ္ဍသုတ် အနက်

၁၄၆-၇-ဂ။ ယံ ဒုန္နိမိတ္တဉ္စ၊ အကြင်မကောင်းသော နိမိတ်သည်ရင်း။ယံ အဝမင်္ဂလဉ္စ၊ အကြင်မကောင်းသော အမင်္ဂလာသည်ရင်း။သကုဏဿ၊ ငှက်၏။အမနာပေါ၊ မနှစ်လိုဘွယ်သော။ ယော သဒ္ဒေါ စ၊ အကြင်အသံသည်ရင်း။ ယော ပါပဂ္ဂဟော စ၊ အကြင်မကောင်းသော ဂြိုဟ်သည်ရင်း။ အကန္တံ၊ မနှစ်လိုဘွယ်သော။ ယံ ဒုဿုပိနဉ္စ၊ အကြင်မကောင်းသော အိပ်မက်သည်ရင်း။ အတ္ထိ၊ရှိ၏။

www.dhammadownload.com



ဧတေ ဒုန္ဒိမိတ္တာဒယော၊ ထိုမကောင်းသော နိမိတ် အစရှိသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏အာနုဘော်ကြောင့်။ဓမ္မာနုဘာဝေန၊ တရားတော်၏အာနုဘော်ကြောင့်။ သံဃာနုဘာဝေန၊ သံဃာတော်၏အာနုဘော်ကြောင့်။ ဝိနာသံ၊ပျက်စီးခြင်းသို့။ ဧန္တု၊ ရောက်စေကုန်သတည်း။

၁၄၉။ ဒုက္ခပ္ပတ္တာ၊ ဆင်းရဲခြင်းသို့ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲ မရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေ ကုန်သတည်း။ ဘယပတ္တာ၊ ဘေးသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာ စ၊ဘေးမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သောကပတ္တာ၊ စိုးရိမ်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဿောကာ စ၊ စိုးရိမ်ခြင်းမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၁၅၀။ ဧတ္တာဝတာ စ၊ ဤမျှလောက်သောသဒ္ဒါအစဉ်အနက်အစဉ်ဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ဆည်းပူး အပ်သော။ ပုညသမ္ပဒံ၊ ကောင်းမှု၏ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်၏ ပြီးခြင်းငှါ။ အနုမောဒန္တု၊ ဝမ်းမြောက်စေကုန်သတည်း။

၁၅၁။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊အလှူကို။ ဒဒန္တု၊ပေးစေ ကုန်သတည်း။ သဗ္ဗဒါ၊ ခမ်သိမ်းသော အခါ၌။ သီလံ၊ သီတင်းသီလကို။ ရက္ခန္တု၊ စောင့်စေ ကုန်သတည်း။ ဘာဝနာဘိရတာ၊

www.dhammadownload.com



ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ အလွန် မွေ့လျော်ကုန်သည်။ ဟောန္တု။ ဖြစ်စေကုန်သတည်း။ အာဂတာ၊ တရားနာအံ့သောငှါ လာကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ ပြန်သွားကြကုန်လော့။

၁၅၂။ ဗလပ္ပတ္တာ၊ အားဆယ်ပါးသို့ရောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့၏ငင်း။ ပစ္စေကာနုဗ္ဗု၊ ပစ္စေကဗုဒ္ဓါတို့၏ငင်း။ အရဟန္တောနုဗ္ဗု၊ ရဟန္တာတို့၏ငင်း။ ယံ ဗလံ၊ အကြင် ဉာဏဗလသည်။ အတ္ထိ၊ရှိ၏။တဿ ဉာဏဗလဿ၊ ထိုဉာဏဗလ၏။ တေဇေန၊ တန်ခိုးဖြင့်။ သဗ္ဗသော၊ ထက်ဝန်းကျင်သော အရပ်မှ။ ရက္ခံ၊ အစောင့်အရှောက်ကို။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

၁၅၃-၄-၅။ ဣမ ဝါ၊ ဤလူ့ပြည်၌ငင်း။ ဟုရံ ဝါ၊ နဂါးပြည် ဂဠုန်ပြည်၌ငင်း။သဂ္ဂေသု ဝါ၊ နတ်ပြည်တို့၌ငင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိတ္ထံ၊ နှစ်သက်အပ်သော။ ပဏီတံ၊ တောင့်တအပ်သော။ယံ ရတနံ၊အကြင်ရတနာသည်။ အတ္ထိ၊ရှိ၏။ တံ ရတနံ၊ ထိုရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊တူသော ရတနာသည်။ နာ နော အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဗုဒ္ဓေ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဓမ္မေ ဓမ္မဿ၊ ထရားတော်၏။ သံဃေ၊ သံဃာဿ၊ သံဃာတော်၏။ ဣဒမ်ပိ ရတနံ အယမ်ပိ ရတနာဘာဝေါ ဤရတနာ၏ အဖြစ်သည်လည်း။ပဏီတံပဏီတော၊ မြတ်၏။တေန သစ္စေန၊ ဤသို့သော သစ္စာကြောင့်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ကောင်းသော စီးပွား ချမ်းသာသည်။ ဟောတု။ ဖြစ်စေသတည်း။

၁၅၆-၇-၈ တေ၊ သင့်အား။ သဗ္ဗမဂ်လံ၊ ခပ်သိမ်းသော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်း

www.dhammadownload.com



သောနတ်တို့သည်။ တံ၊သင့်ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော မြတ်စွာ ဘုရားတို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗမမ္မာနုဘာဝေန၊ ခပ်သိမ်းသော တရားတော်တို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗသံဃာ နုဘာဝေန၊ ခပ်သိမ်းသော သံဃာတော်တို့၏ အာနုဘော်တော်ကြောင့်။သဒါ၊ အခါခပ်သိမ်း။တေ၊သင့်အား။ သုခီ၊ချမ်းသာခြင်းတို့သည်။ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (နှစ်ဂါထာကား-ဓမ္မာနုဘာဝေန၊ သံဃာနုဘာဝေနသာ ထူးသည်။)

၁၅၉။ မဟာကာရုဏိကော၊ မြတ်သော ကရုဏာနှင့် ယှဉ်ထသော။ တနည်းကား....များသော ကရုဏာနှင့် ယှဉ်ထသော။ နာထော၊မြတ်စွာဘုရားသည်။သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ၊အစီးအပွားအလို့ငှါ။ သဗ္ဗာ၊ခပ်သိမ်းကုန်သော။ ပါရမီ၊ဆယ်ပါးသောပါရမီတို့ကို။ ပူရေတွာ၊ဖြည့်တော်မူ၍။ဥတ္တမံ၊ မြတ်စွာသော။ သမ္မောဓိံ၊အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုခြင်းကြောင့်။ တေ၊သင်၏။ သောတ္ထိ၊ စီးပွား ချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၀။ သက္ကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဗ္ဒနော။ နှစ်လိုခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်။ ဗောဓိယာ၊ဗောဓိပင်၏။ မူလေ၊အရင်း၌။ ဇယန္တော ယထာ၊မာရ်ငါးပါးကိုအောင်တော်မူလေသကဲ့သို့။ ဧဝမေဝ၊ ထို့အတူငင်း။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သောမင်္ဂလာ၌။ တဝ၊သင်အား။ ဇယသ္စု၊ အောင်စေသတည်း။

www.dhammadownload.com



၁၆၁။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏။အာဘိသေကော၊ ဗုဒ္ဓါဘိသေကမင်္ဂလာကို ခံယူရာဖြစ်ထသော။ ပုထုဝီပုက္ခလေ၊ မြေပြင်၌ အထူးတင့်တယ်ထသော၊ သီသေ၊ မြေပြင်၏ဦးထိပ်လည်းဖြစ်ထသော။ အပရာဇိတ ပလ္လင်ကေ၊ မာရ်ငါးပါးကို အောင်မြင်သော ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော၊ လူသုံးပါးထက်မြတ်သော သဗ္ဗညုတဉာဏ် ကျေးဇူးသို့ ရောက်တော် မူသော မြတ်စွာဘုရားသည်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။

၁၆၂။ ဧဝံ၊ ဤအတူရှင်း။ တဝ၊ သင်အား။ သုနက္ခတ္တံ၊ ကောင်းသောနက္ခတ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ သုမင်္ဂလံ၊ ကောင်းသောမင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုပဘာတံ၊ ကောင်းစွာ မိုးသောက်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုဟုဋ္ဌိတံ၊ ကောင်းစွာစီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုခဏော စ၊ ကောင်းသော ခဏသည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ သုမုဟုတ္တော စ၊ ကောင်းသော မုဟုတ်သည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ ဗြဟ္မစာရိသု၊ မြတ်သောအကျင့်ကို ကျင့်သော သူတော်ကောင်းတို့အား။ သုယိဋ္ဌံ၊ ကောင်းစွာပူဇော်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၃။ ပဒက္ခိဏံ၊ မြတ်သော။ ကာယကမ္မံ၊ ကာယကံသည်ဝင်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံသည်ဝင်း။ ပဒက္ခိဏံ၊ မြတ်သော။ မနောကမ္မံ၊ မနောကံသည်ဝင်း။ ဟောတု၊ ဖြစ်စေသတည်း။ ပဒက္ခိဏေ၊ မြတ်သော ကာယကံ ဝစီကံ မနောကံ၌။တေ၊သင်၏။ ပဏိဓိ၊ဆောက်တည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။

www.dhammadownload.com



၁၆၄။ တေ၊ ထိုခပ်သိမ်းသော လူနတ်တို့သည်။ ပဒကို့ဏာနိ၊ မြတ်သောအမှုတို့ကို။ ကတ္ဒာန၊ပြု၍။ ပဒကို့ဏေ၊ မြတ်ကုန်သော။ အတ္ထေ၊အကျိုးတို့ကို။လဘန္တိ၊ရကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်သော အကျိုးရှိကုန်သော။တေ၊ ထိုသူတော်ကောင်းတို့သည်။ သုခိတာ၊ ချမ်းသာခြင်းရှိကုန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာ တော်၌။ ဝိရူဠှာ၊ ပြန့်ပွားခြင်းသို့ ရောက်ကုန်သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။

ပုဗ္ဗဏ္ဍသုတ္တံ၊ ပုဗ္ဗဏ္ဍသုတ်သည်။
နိဋ္ဌိတံ၊ ပြီပြီ။

ပရိတ်ကြီးအနက် ပြီး၏။

www.dhammadownload.com

# ဂ-သိင်္ဂါလောဝါဒသုတ်ထွက်

# ကျင့်ဝတ်

တလောကလုံး၊ ညွှတ်ရုံးဦးချ၊ နှိုင်းမမျှသား၊ ဘုရားရှစ်ကျိပ်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရိုညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဌီပြသည်၊ လောကကျင့်ရာ၊အကျဉ်းမှာပိမ့်၊ နတ်ရှာဘို့လုံးလုံး ကျက်၍သုံး။

## သားသို့ကျင့်ဝတ် ငါးပါး

ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## ဓိဘကျင့်ဝတ် ငါးပါး

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝန်ိုးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်။ ။ဖခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ငါးပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြို၊ဆီး၊ ထံနိုးလုပ်ကျေး၊ သင်တွေးအံ့ရတ်၊ တပည့်ဝတ်။ ။မချွတ်ငါးခုသာ။

www.dhammadownload.com



## ဆရာ့ကျင့်ဝတ် ငါးပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့။ ။ကျင့်ဘို့ဝတ်ငါးဖြာ။

## လင့်ကျင့်ဝတ် ငါးပါး

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်။ ။ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ငါးပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ၊ပျင်းရိမမူ၊ ဝတ်ငါးဆူ။ ။အိမ်သူကျင့်အပ်စ္ဒာ။

## မိတ်ဆွေကျင့်ဝတ် ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ဝတ်ငါးထွေ။ ။ကျင့်လေမိတ်သဟာ။

## သခင်ကျင့်ဝတ် ငါးပါး

ဝစ္ဒာကျေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ဌေးရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်။ ။မချွတ်ငါးခုသာ။

## ကျွန်ကျင့်ဝတ် ငါးပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ပေးမှုယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြှက်။ ။ငါးချက်ကျွန်ကျင့်ရာ။

## ဒါယကာကျင့်ဝတ် ငါးမျိုး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ။ ။ပြုလေ ဒါယကာ။

www.dhammadownload.com



## ရဟန်းကျင့်ဝတ် ခြောက်ပါး

မကောင်းမြစ်ထဲ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား။
နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု။ ။
ခြောက်ခု လွန်သေချာ။

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။ ။
ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။ ။
ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။ ။

လှည်းဘီးပြင်က၊နားစောင့်ချသို့၊မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မှန်တကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမှုရှိ။ နိဗ္ဗာန်ရောပြည်၊ ဝင်အုံသည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ။ မလွတ်သာသည်။ ။လေးရွာဘို့ လုံးလုံး လူဖြစ်ရှုံး။

## ဥစ္စာပျက်ကြောင်း ခြောက်ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုံ့သင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား။ ။ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

## သေအရက်သောက်ခြင်း အပြစ်ခြောက်ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံမျှားစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား။ ။
သောက်စားသေစာ အပြစ်တည်း။

www.dhammadownload.com



## အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှဲ့ရှာလေအပ်၊ ရိုးစင်္ပယ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့သွားပြစ်တည်း။

## သဘင်ပွဲလမ်း အပြစ်ခြောက်ပါး

က,ခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား။ ။ကြည့်ရှုသဘင် အပြစ်တည်း။

## လောင်းတမ်းကစားသူ အပြစ်ခြောက်ပါး

အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား။ ပျော်ပါးကြွေအန် အပြစ်တည်း။

## မိတ်ဆွေပျက် ခြောက်ပါး

ကြွေအန်ကြူးထ၊မိန်းမကြူးထွေ့၊ သေစာကြူးမှု၊အတူပြူငြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နှိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ် လားကြောင့်။ ။ပျက်ပြားမိတ်ဆွေအပြစ်တည်း။

## ပျင်းရိခြင်း အပြစ်ခြောက်ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ့၊ နေကပညာ၊ မပွားရာသည်။ ။ခြောက်ဖြာပျင်းသူ အပြစ်တည်း။

www.dhammadownload.com



## အကြီးအကဲကျင့်ဝတ် ခြောက်ပါး

ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဘန်ကြည့်ရှု၊ ဤခြောက်ခု ကား။ ။ကြီးသူ့ကျင့်ရာ တရားတည်း။

## ကိုယ်ကျိုးသာ၌သော အဆုံးခင်ပွန်းတု လေးယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာ လိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှါ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား။ ။အညဒတ္ထု ဟုရတည်း။

## နှုတ်ဖြင့်သာဟန်ဆောင်သော အဆုံးခင်ပွန်းတု လေးယောက်

ရှေ့ဖြစ်စေ့စပ်၊ တထပ်နောက်မှီး၊ ချည်းစည်းသင်္ဂြိဟ်၊ ပေးလို စဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်နှန်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သား ဝစီပရမတည်း။

## ချစ်ဘွယ်ကိုသာဆိုတတ်သော အဆုံးခင်ပွန်းတု လေးယောက်

မကောင်းခွင့်ပြု၊ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်။ ။လေးအင် ပိယ ဘာဏီတည်း။

## ကျေးဇူးရှိက်ဆောင်သော အဆုံးခင်ပွန်းစစ် လေးယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုး ကွယ်၊ ပြုဘွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေပေးလာသည်။ ။လေးဖြာ ဥပကာရတည်း။

www.dhammadownload.com



## ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် လေးယောက်

လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေးယောက်ကား။ ။မျှလောက်ချမ်းသာ ဆင်းရဲတည်း။

## အကျိုးစီးပွားကို ပြောကြားတတ်သော အဆွေခင်ပွန်းစစ် လေးယောက်

မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်း ကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား။ ။ မည်ရ အတ္ထက္ခာယိတည်း။

## အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ် လေးယောက်

ဥစ္စာခမ်းနား၊ မပွားသမျှို၊ မနှစ်လို့ငြား၊ ပွဲကဲ ရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား။ ။မိတ်ကျမ်းအနုကမ္မတည်း။

## အလေးအမြတ်ဖြိုအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား၊ ပုဏ္ဏား ရဟန်း ခြောက်ရပ်တည်း။

## ပျက်စီးလွယ်သော လူးလေးယောက်

သောက်ထုပ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရှင်အန်စာ၊ လေးရပ်မှာပင်၊ တကွ ထင်သည်။ ။လေးအင် ပါယ သဟဲတည်း။

www.dhammadownload.com



### အလောင်းအလျာတို့ အလိုတော်ခြောက်ပါး

လောဘ, ဒေါသ၊ မောဟကင်းလို၊ တောခိုတဖြာ၊ ဆိတ်ရာ ငြိမ်သက်၊ ဝင်္ဆမှထွက်။ ။ခြောက်ချက်လောင်းလျာလိုတော်တည်း။

### မဖြတ်ဆင်ခြင်ရာသော တရားငါးပါး

အိုခြင်းတဖြာ၊ နာခြင်းတထွေ၊သေခြင်းတခြား၊ ကဲ့ပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက် ဝင်၍၊ ဆင်ခြင်ကြ။

### အကျိုးဆောင်သော တရားတပါး

သေခြင်းတပါး၊ ဤတရားကား၊ စီးပွားမြားမြောင်၊ အကျိုးဆောင်သည်။ အိုအောင်အောက်မေ့စီးဖြန်းကြ။

သိင်္ဂါလောဝါဒ ကျင့်ဝတ်ပြီး၏။

www.dhammadownload.com

# ၉-ရှင်မဟာသီလဝံသဆုံးမခဏ်း

၁။ တိလောကဟု၊ မရနှိုင်းတူ၊ ဘက်မပြူသည်၊ သုံးဆူရတနာ၊ မာတာပိတ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင် အမြဲသွတ်။

၂။ ဂယောက်ဂယက်၊ ကျက်ကျက် ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံ့လကူသည်၊ ယူ၍မပြတ် နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လှည့်ဖယ်မပြတ်၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါ်ငင်ညီညွတ်၊ သွား၍ခပ်။

၆။ ရေခပ်သွားလည်း၊ ကစား၍သာမနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ်,ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာ ကြံလော၊ မင်းတို့ကျော။

၇။ နေ့ညဉ့်နံနက်၊ ကိန်းစက်မွေ့ရာ၊သင်ဖြူးဖျာကို၊ ခင်းကာ ယူငြား ခေါက်သွင်းထား။

www.dhammadownload.com



၈။ သက်နှံး သပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်မျှား ပြန်၍ထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်လုမ်းယူ၊ ဝတ်သက်နှံးကို၊ချွေးစွန်းမူကား၊ နေပူဖြန့်လှား သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွဲဖယ်မသွား၊ ယပ်လေခပ်၍ နေထံပါး။

၁၁။ ကိုယ်လက်ဖိမ်း၍၊ ကျိန်းစက်သောအခါ၊ တစာစာနှင့်၊ ပျာပျာလောင်လောင်၊ တဟောင်ဟောင်သည်၊ ခေါင်ခေါင် ကြမ်းကိုမနင်းနှင့်။

၁၂။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညှတ်ဘဲ၊ မတ်တတ်တိုး၍ မသွားနှင့်။

၁၃။ စားဘွယ် စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညှတ် ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည်နှယ် မမေးနှင့်။

၁၅။ မိဉီး ဘဉီး၊ ဆရာ့ဉီးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘ ဆရာ၊ ထားသည့်တာကို၊ မျက်နှာကွယ်လျှင်၊မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွား ခယ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်း ဟင်း ဗျတ်ကို၊ ပွတ်တုံ့ညစ်ကြေး၊ မြူမွှေးမတင် စင်အောင်ဆေး။

၁၈။ ကျောင်းတွင် အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား ကောင်းကောင်းထား။

www.dhammadownload.com



၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တခွန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

၂၀။ ကိုစ္စရှိငြား၊ သွားသည်များ၊ လျင်လျားခဏ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပဉ္စင်းနှင့် ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါကိုအဘ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်မသွေ နှိမ့်ချလေ။

၂၄။ ရိုသေတုပ်ကွဲ၊ ဆည်းကပ်ကြလျက်၊ နေ့ည ကြည်ဖြူ၊ နှံည်းခံယူ၍၊ ကြီးသူခေါ်က၊ ကွကွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်သူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တထောင့်စကား၊ တဟားဟားသည်၊ ရိုင်းကားရိုက်မဲ့ မပြောနှင့်။

၂၆။ လူဘွယ်ဒါန်းဘွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်နေ့ည ပေးလိုက်ကြ။

၂၇။ ကွမ်း ဆေး မီးလျှင်၊ ညှံ့သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။ (ဘုန်းကြီး ရဟန်း ပယောဂမပါစေရ။)

၂၈။ မင်းသွား ငါသွား၊ ငြင်းခုံပွားအောင်၊ စကားဘောက်ဆတ် မဆိုအပ်။

၂၉။ မပြတ်မချ၊ လူလည်းလာ၍၊ ငါ၏ထံပါး၊ စေးရ၍ နေပါကြ။

www.dhammadownload.com



၃၀။ ရဟန်းသင်္ဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ ဖျာသင်ဖြူးနှင့်၊ လာ၍ဖြဖြ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ တပည့်တွေကို၊ တပြည့်တရာ၊သွားသောခါလည်း၊ညီညာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်း ထိုးကုန်လတ်။

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ထက်မြေ့သိမ်၊ ဣန္ဒြေနှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်း၊ နားမငြိမ်းသည်၊ ဟိန်းဟဲ့မဆို ရစေ့နှင့်။

၃၃။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ၊တခြားမကျင့်ကြလေနှင့်။

၃၄။ မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

၃၅။ ဟီနနတ္ထ၊မဆဲကြနှင့်၊ ကြီးကဲယ်သည်၊ နှင်ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ ရှောင်လွဲဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်ခင်ရိုသေ၊ အချင်းချင်းကို၊ သင့်တင့်စေဟု၊ မအော့ဖရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကဲ့ မှတ်ကုန်ကြ။

၃၆။ သင်္ကန်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရိုသေ၍၊ ကလေကဝေ၊ စုတ်ရွလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၇။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၃၈။ ဆရာ့နေခင်း၊အင်းပျဉ်ညောင်စောင်း၊ လည်းလျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

www.dhammadownload.com



၃၉။ ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင် ဆောင့်ကြောင့်နှင့်၊ ပေါင်ထောင်လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

၄၀။ ရှင်နှင့်သူငယ်၊သောက်ရေအိုးကို၊တခြားတယ်၊သုံးဘူယ်မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်။

၄၁။ ကြီးသား, ငယ်သူ၊ ရှင်လူကစ၊ဟူသမျှလည်း၊မိဘဆရာဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘူး၊ မိမိကိုသာ၊ထောမနာလျက်၊ဆထက်လွန်စွာ၊ တို့သူ ငါကို၊ မပါမည်လား၊ ဘယ်ခံ့ညားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒဏ် ဖဒဏ်၊ ဆရာ့ဒဏ်ကို၊ ခံရလိမ့်မည် မယွင်းခဲ့။

၄၂။ ရဟန်းသင်္ဃာ၊ အရိယာကို၊ လူသာမကောတို့၊ ကြံ့ကြံ့ငဲ့ငဲ့၊ ကဲ့ရဲ့ ကျိုးစား၊ လှည့်စားမပြု၊ တုဘက်မဆို၊ ရိုသေကြစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့ ရှဲ့ကြောက်စေ။

၄၃။ မွေတော် ဓာတ်တော်၊ ရုပ်ထုတော်ကို၊ ဖူးမြော်မပြတ်၊ ရှေ့ကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျောက်မပြတ်၊ လက်အုပ်တင်ထား၊ ဘုရား, တရား, သင်္ဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလုံ့လဆောက်တည်ကြ။

၄၄။ ငါကားသည်စာ၊ သည်ဂါထာကို၊မြဲစွာကြပ်မတ်၊ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ထိပ်တင်လည်းရွက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊စာအံဆိုလျှင်၊ မရှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြီးစွာဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာတပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောချလည်း မနေနှင့်။

www.dhammadownload.com



၄၆။ မပြတ်အသံ၊ တည့်ညုံသည်၊ စာအံစာဘတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည့်,လည်း, ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွဲပီလှစေ။

၄၇။ သင်ပုဏ်းထန်းရွက်၊ ပေထက်စီကာ၊ရေးသောခါလည်း။ အကွာရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလတ်စေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ် ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သင်သို့၊ မသင်မရွတ်၊ မဖတ်စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာများအောင်၊ စကားဖောင်ဖွဲ့၊ တုံ့လွဲကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောလှည်း မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်ငြ၊ သင်ပုဏ်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နားပန်းဆံ နှင့်၊ နောက်ဆံလည်းထား၊ ဖြူထွဲးပေါင်းပေါင်း၊ နားခွောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကာမြူးရှင်၊ ရှေ့ငွေ့ဆင်၍၊ သင်တို့သည့်နှယ် မကျင့်နှင့်။

၅၂။ သင်္ကန်းမှာလဲ၊ ပိန့်အပြင်၊ လှစေချင်၍၊ လှင်လှင်ပပ၊ ပြုကြမသင့်။ နန့်ဆိုးနှင့်၊ တိန်းညက်ဆိုးကို မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဠ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြမြဲထွဲ ညီလှစေ။

၅၄။ ရှေးဆရာမှန်၊ သီလဝံသ၊ ထေရ်ဂုဏ်၏၊ နံ့မျှအကျေ၊ မိန့်တော် နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက် သာသာ၊ ပါဠ်ဂါထာနှင့်၊ လက်ဝမယုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့် မှတ်မည်၊

www.dhammadownload.com



ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်း ကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာ ခိုက်ကို သင်လိုက်ကြ။

၅၆။ သို့ပင်တစေ၊မနေရသာ၊ကျောင်းကခွါသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

၅၇။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာ နေကျိုးနပ်မည်ပ။

၅၈။ ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ် ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာ ကြံလောမင်းတို့ကျော။

၅၉။ ယခု အခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဏေ၊ ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသင်္ဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိဟု၊ သိကြပါစေ၊ သည့်ထက် သည်သာ၊ မြတ်ရာသို့သာ လှမ်းပါလေ။

၆၀။ ရှင်သီလဝံသ၊ ထေရ်ဂုဏ၏၊ဆုံးမစကား၊ မနာကြားက၊ လားလိမ့်ပါယ်ရပ်ရွာ။

၆၁။ ပစ္စုပ္ပန္ဒ၊ ခုဘဝ၊ နေရ ကိုယ်ထီးသာ။

၆၂။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၆၃။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှ မဝပါ။

၆၄။ မျက်နှာညှိုးပါး၊ လူ့ငနွား၊ အများစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

www.dhammadownload.com



၆၇။ ဘယ်ငှါကိုယ်မှ၊ စွဲမရ၊ တလ္လရွံဘွယ်သာ။
၆၈။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။
၆၉။ ရလာသော်ကား၊ ငတောင်းစား၊ရှောင်ရှားနေလေပါ။
၇၀။ တောမှာ ပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ ရပ်ဝေးစွာ။

၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလားမလုပ်ပါ။
၇၂။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။
၇၃။ ကျင်နာရိပွပ်၊ တလျှပ်လျှပ်၊ ရက်ပြတ်ငတ်တို့ပါ။
၇၄။ ရှာဖွေချေးငှါး၊ မရငြား၊ သွားရှိခိုးလေပါ။
၇၅။ ခိုးမိပါလေ၊ ထိုးခုတ်သေ၊ ကျလေ ပါယ်ရပ်ရွာ။
၇၆။ ဤစာရွှေကျမ်း၊ ဆုံးမခဏ်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်၊ ထင်လိမ့်ယခုပါ။

၇၇။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။
၇၈။ လိမ္မာသိတတ်၊လောကဝတ်၊တတ်လိမ့်များဂုဏ်အင်။
၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများထင်။
၈၀။ ရှင်လူအများ၊ လွန်ခံ့ညား၊ သိကြားနတ်အသွင်။
၈၁။ ရှင်ရှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွမ်း မျက်နှာမြင်။
၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့် လွန်ပေါ်ထင်။
၈၄။ ရပ်ခွင်တပါး၊ ပြောင်းလည်သွား၊ ဘိုးများ ကျောက်အသွင်။
၈၅။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။
၈၆။ သံသရာဘဝ၊ ပြောင်းလှည့်ကြွ၊ ဒေဝနတ်ဘုံတွင်။

www.dhammadownload.com



၈၇။ များဖြင်နတ်ပေါင်း၊ ရုံသိန်းသောင်း၊ လောင်းတော်နတ်အသွင်။
၈၈။ ပဥ္စင်းငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။
၈၉။ ဒေဝကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။
၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမီတေးတွင်။
၉၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမခွတ်ပင်။
၉၂။ ပဥ္စင်းညီနောင်၊ လူနတ်မြောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

၉၃။ ပြီးပေကမွတ်၊ဆုံးမအပ်သည်၊ ကျမ်းမြတ်လက်ဝ၊ ထေရ်မဟာလျှင်၊ မိန့်မှာသည့်တိုင်း၊ အားသံလိုင်း၍၊ နေ့တိုင်းလုံ့လ၊ ထုတ်ကောင်းကြသည်၊ များလှဖြာဖြာ၊ သိဿာတပည့်၊မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေချာ၊ အရာရာကို၊ စိတ်မှာမှတ်ထား၊ ယူတုံပြုံးမှ၊ မခြားနိဗ္ဗာ၊ မှာကမ်းငှဲ့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်၊ အပေါင်းသိဿ မှတ်ကုန်ကြ။

ရှင်မဟာသီလဝံသ ဆုံးမခဏ်းပြီး၏။

www.dhammadownload.com

# ၁၀-ဘိုးသူတော် ဦးနု
# စကားပုံ

မြန်ဇမ္ဗူပေါ်၊ ဉာဏ်ယူမြော်သည်၊ သူတော်ကျွန်ုပ်၊ နား၏တန်ဆာ၊ နားဝင်သာအောင်၊ လင်္ကာပုဒ်ဖြင့်၊ အာလုပ်ချိုမြ၊ စကားပုံသရုပ်၊ တမျိုးထုတ်ပြီးလျှင် အချုပ်ကိုပြခဲ့မည်။

ဗုဒ္ဓဆာယာကိုတွယ်ရမည်။ ရုပ်လှတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရာသည်။ ရုပ်လှတာကိုပယ်မှ ဘေးပကွာသည်။

သေရည်ကို မသောက်နှင့်။ ရေကြည်ကို မနှောက်နှင့်။ သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်။ ရေကြည်ကို နှောက်က အနယ်အမှုန်တို့ ထတတ်သည်။

ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်။ ဝင်တိုင်းလည်း သိပ်၍မမျိုနှင့်။ ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်။ ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

ဂေါဏမံသံကိုလည်း မစားနှင့်။ကောဓခြံရံကိုလည်း မပွားနှင့်။ ဂေါဏမံသံကိုစားက မိဘသဘွယ် ဖြစ်ပေသည်။ ကောဓခြံရံကို ပွားက အဓိကရ အပါယ်နစ်ချေသည်။

အယုတ်တရားကို အလိုမရှိနှင့်။ မဟုတ်စကားကို မဆိုဘိနှင့်။ အယုတ်တရားကိုအလိုရှိက ဘဂဝါ၏စကားကိုပယ်ရာကျချေသည်။ မဟုတ်စကားကိုဆိုဘိက သမာဓိတရားတို့ ကွယ်လှာ ရလေသည်။

www.dhammadownload.com



မြူသလိုပုံနှင့် ကလေးကိုမစနှင့်။ လူကိုယုံသဖြင့် အကြွေးကို မချနှင့်။ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်။ လူကို ယုံသဖြင့် အကြွေးကိုချက အရေးမစိုက်သမို့ မဲ့တတ်သည်။

အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားလင့်။ တန်ခိုးနုပ်သူ ထမင်း ဝလျှင် မကျီစား နှင့်။ အမျိုးယုတ်သူ အဆင်းလှက စာဂ တန်တတ်သည်။ တန် ခိုး နု ပ်သူ ထမင်းဝက မာန ထန်တတ်သည်။

အဟုတ်အမှန်ကိုလည်း သိမှ။ အလုပ်အကြံလည်းရှိမှ။ အဟုတ် အမှန်ကိုသိမှ သံသရာ ဘေးပ၍ အနေကျယ်ကြမည်။ အလုပ် အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတယ်ကြမည်။

သေဋ္ဌေးလို ကြွယ်သော်လည်း မာန်စွယ် မထနှင့်။ မြေပဲ့ကို ငယ်သော်လည်း အလမ္ဘာယ် မပြုနှင့်။ သေဋ္ဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရိုအသေနဲလို့ ပြေမှုန်းတတ်သည်။ မြေပဲ့ကို ငယ်သည်ဟု အလမ္ဘာယ်ပြက ထိုမြေ ခဲလို့ မကြာခဏ သေဆုံးတတ်သည်။

မတော်ဘဲ မဝယ် နှင့်။ မခေါ်ဘဲ မလယ်နှင့်။ မတော်ဘဲ ဝယ်လေက အသပြာခန ရှုံးတတ်သည်။ မခေါ်ဘဲ လယ်ချက မကြာခဏ မုန်းတတ်သည်။

မတော်တာကို မမြည်းစားနှင့်။ အဖော်မပါလျှင် ခရီးမသွားနှင့်။ မတော်တာကို မြည်းစားက ဘေးရန်ရလို့ ရောဂါပဲ့းတတ်သည်။ အဖော်မပါဘဲခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

www.dhammadownload.com



ခရီးကိုလည်းအပြင်းမသွားနှင့်။ မီးကိုလည်းအကြွင်းမထားနှင့်။ ခရီးကိုအပြင်းသွားက မှားတတ်သည်။ မီးကိုအကြွင်းထားက ပူးတတ်သည်။

ဆရာပြောသမျှကို အပြီးမမှားလေနှင့်။ အနာရောဂါကို မကြီးပူးစေနှင့်။ ဆရာပြောသမျှကို အပြီးမှားကမုချမှောက်တတ်သည်။ အနာရောဂါကိုကြီးပူးစေက ဒုက္ခရောက်တတ်သည်။

စကားစကားပြောပါမျှား စကားထဲကဇာတိပြ၍ မာနတန်ခွန်ထူတတ်သည်။ ဘုရား, တရား ဟောဖန်များက တရားထဲကပါဋိဠိရ၍ ဒါနအလှန်လှူတတ်သည်။

အမျိုးမြတ်မှ အရိုးကိုကြံရာသည်။ တန်ခိုးလျှပ်မှ အဘိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပူးတိုးစေမူ၊ အာရုံပြုလျက်၊ ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဘွယ်ရာ၊ ဆုံးမစာကို၊ တကာ တကာမ၊ မှတ်သားကြ၍၊ နေ့ည လေ့ကျက်ကြပါကုန်လော့။

ဘိုးသူတော်ဦးနု စကားပုံပြီး၏။

www.dhammadownload.com

# သားရွှေတောင်ဆုံးမစာ

၁။ သားဧရွှေတောင်၊ မောင်ငယ်ပုခင်၊ မဲ့ဆံကျင်သည်၊ အိမ်တွင်မနေ၊ သွားပါလေဟု၊ သံချေစကား၊ ကြံချိုပျားသို့၊ မိအားဆုံးမ၊ အတတ်ရအောင်၊ ကျောင်းဆောင်ဗိမာန်၊ ဇေတဝန်သို့၊ သက်နှံလူကြွ့၊ သွားပါတော့ဟု၊ ပျော့ပျော့တောင်းပန်၊ သားရွှေရုံကို၊ လျင်ထန်မိမင်း၊ ဆီနွှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊ လိမ်းပြီးလောင်းချ၊ နားခြောင်းလက်ကောက်၊ ခြူးပြောက်အင်္ကျီ၊ ဖဲနီဖဝါ၊ ခါသာသက္ကလတ်၊ ကိုယ်လုံးဝတ်၍၊ လက်စုပ်,ခြေကျင်း၊ ကြော့ကြွရှင်းနှင့်၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဉာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည် သက်နှံရွှေတောင် အမယ့်မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်ကလေး၊ အကြံကွေးသည်၊ တွေးတွေးဆဆ၊ မကြောင့်ကြနှင့်၊ မိဘဆရာ၊ စောင်မ,ပါအုံ၊ ပညာဉာဏ်ရောင်၊ ထွန်းပြောင်ကြက်သရေ၊ တတ်မျိုးတွေကို၊ စုံစေကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မဲ့ဖအေလျှင်၊ သင်စေချင်လျ၊မောင့်ဖတသီး၊ ငါလည်းတသွယ်၊ ဖွားငယ်ဖွားကြီး၊ ဝရိုးတူကွ၊ ရွှင်ပျလူစုံ၊ လှကြေးမုံကို၊ အကုန်ကြွင်းမဲ့၊ သုံးဆယ့်ရွှစ်ဖြာ၊ မင်္ဂလာက၊ တေ,ဇာ,ဝိ,ဝေ၊ ဇာတ်ပေါင်းတွေ့နှင့်၊ နှိုင်းဖွေလိမ္မာ၊ သဒ္ဒါရွှစ်စောင်၊ အကုန်ဆောင်၍၊ လင်းပြောင်ရှန်းရှန်း၊ တက်နေထွန်းသို့၊ ကျမ်းဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ခါသွင်သွင်၊ တတ်စေချင်၏၊ ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှ၊ ခမည်းမောင်

www.dhammadownload.com



မင်း၊ နှလုံးသွင်း၍၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ငှါဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်....သက်နှံ ရှေတောင် အမယ့်မောင်။

၃။ သားရှေတောင်၊ မောင်ငယ့် မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင့်ဆရာ၊ ကျောင်းတော်သာက၊ မြော်ကာလည်းကြည့်၊ ငါ့တပည့်ဟု၊ ရှေမှည့်သိဂ်ါ၊ ကျမ်းပေစာကို၊ အထာလည်းပွင့်၊ ငံ့ပေလင့်အံ့၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ခုလေသွားပါ၊ ဆိုသော ခါလည်း၊ မာတာ မိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရှေကြာ၊ ပန်းပမာသို့၊ တင်ကာဝပ်တွား၊ မြတ်ထံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရှေစင်သက်ဝေ၊ မကြာစေနှင့်၊လူရေးလူရာ၊ ရှိပါမည်ကြောင်း၊ မိခင်မောင်း၍၊ သားကောင်း ရှေလှော်၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ဇေတဝန်သို့၊ မြတ်မွန်ပါးထံ၊ အပ်ထားနှံသည်....သက်နှံ ရှေတောင် အမယ့်မောင်။

၄။ သားရှေတောင်၊ မောင်ငယ်လူပျို၊ မဲ့ပန်းညိုသည်၊ အိမ်ကိုမမင်၊ မပျော်ရှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရှက်သော်၊ လူပြက် လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ပျက်ချေတတ်၏၊ သားမြတ်ရှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်းပြောအံ့၊ မစ္ဆောပုပ်ဟောင်၊ ငါးသေကောင်ကို၊ ပညောင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသားမပုပ်၊ ညောင်ရွက် အုပ်မှာ၊ ပုပ်လေသည်သာ၊ ဥပမာသို့၊ ရှေဝါသက်ပေး၊ မဲ့ရင်သွေးလည်း၊ ဝေးဝေးလျင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာ ကြဉ်ဖဲ၊ အယူစွဲ၍၊ ဝမ်းထဲရုံ့ရုံ့၊ယုန်လျင်ကြုံ့သို့၊ ဆိုတုံ့မဝံ့၊ စောင်းမာန် ညုံ့လျက်၊ ကြောက်ရုံ့ရိုသေ၊မိမအေကို၊ ရိုသေခညွတ်၊ဟုတ်ပေတတ်၏။သတ်မှတ်ပလေ၊ မအေမိခင်၊ သွန်သင်လိမ္မာ၊ တတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်....သက်နှံရှေတောင် အမယ့်မောင်။

www.dhammadownload.com



၅။ သားရှေတောင်၊ မောင်ငယ်ရဲလုံး၊ မယ့်ဆံထုံးမှ၊ ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ ကောင်းရာမြော်မြင်၊ ကောင်းစေချင်၍၊ ကောင်းတင်စေငြား၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရှေသားလျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနု၊ သားမျက်ရှု၏၊တန္တုပုံကို၊အမည်ဆိုအံ့၊ အားျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပါမူကား၊ ကြည်ဖြူခံ့ညား၊ လျှိုးဝပ်တွားလျှံ၊ ရှေသားဝမ်းတွင်း၊ နှလုံးသွင်းလော့၊မယ်မင်းပြုပြင်၊အကုန်ဆင်၍၊ ရှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဉာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည် ... သက်နှံရှေတောင် အမယ့်မောင်။

၆။ သားရှေတောင်၊ မောင်ငယ်ပန်းဖူး၊ရှေလိုဦး၍၊ ပုံပျူးသာယာ၊ သေးငယ်စွာက၊ တတ်ပါစေချင်၊ မြင်ပါစေလို၊ဆိုတိုင်းယှဉ်၍၊ ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သက်နှံထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊ အိမ်တွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါတည့်၊ သင်သာခိုက်တွင်၊ အရိုက်အပုတ်၊ အတုပ်အနှောင်၊ ကျောင်းရှေဆောင်သို့၊ မယ့်မောင်ကြိုးစား၊ နှလုံးထားလော့၊ ထွတ်ဖျားဆရာ၊ပညာသင်ကြောင်း၊ရိုက်ပုတ်မောင်း၍ရှေကျောင်းတော်မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဖမိခင်နှင့်၊ တူပင်အပ်နှံ၊ သားရှေရုံကို၊ သင်အံမည်ကြောင်း၊ တဖြောင်းဖြဖြ၊ ဆိုမြွက်ဟသည်၊ ကြွကြွလှုမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်....သက်နှံရှေတောင် အမယ့်မောင်။

၇။ သားရှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးခါ၊ တတ်သိစေလို၊ ပြည့်နှန်းဆိုအံ့၊ လူလိုသင်ထား၊ ငှက်ကျေး

www.dhammadownload.com



သားမှ၊ သင်ကြားနားမှာ၊ သူ့ဘာသာဖြင့်၊ဗုဒ္ဓါမိန့်မှာ၊ ဒဿတို့သာ
ကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွှတ်စီးဖြန်း၍၊ နေ့ချမ်းညလျင်၊ တောင်
လက်သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနန်း၌၊ ပျံသန်းလူးလာ၊
နေသည့်ခါမှ၊လဟာမိုးပြင်၊ထက်ကောင်းကင်က၊စွန့်လျှင်စုတ်ထွေ၊
ပါရလေသော်၊ သံချေညံညံ၊ ဘဝဂ်လျှံမျှ၊ ရွှတ်အံ့ လန်းလန်း၊
ကမ္မဋ္ဌာန်းကို၊မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊စွန့်လျှင်မနေ၊လွှတ်
လိုက်ပေ၏၊ အရှေ့မကြာ၊ ထိုအနာကြောင့်၊ နိစ္စာတဝ၊မရဏဖြင့်၊
ပြောင်းကြွနတ်ထံ၊ကျေးသားစံသို့၊သက်နှံလူပျို၊သားပန်းညိုလည်း
လိုလိုရာရာ၊တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊အမယ်မောင်း၍၊
ရှေ့ကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်... သက်နှံရှေတောင် အမယ့်မောင်။

၇။ သားရေရတောင်၊မောင်ငယ်ရင်သား၊ မိစကားကို၊ရှေ့နား
ချို့ချို့၊အမယ်ဆိုအံ့၊ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊မိုက်ခေါင်
အတိ၊မိုက်လှဘိသည့်၊ဒီဋ္ဌယူမှား၊ မြေသမားလည်း၊သုံးပါးရတန၃၊
မြတ်ဓမ္မကို၊နားမှမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊မောဟ
လွှမ်း၍၊ လူစွမ်းဘာသာ၊ အရွာရွာသို့၊ မြေရှာသွားချင်၊တည်းလေ
ဝင်သော်၊ရွာတွင်အများ၊ယောကျ်ားမိန်းမ၊ နေ့ညမကွာ၊သရဏကုံ
မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြတ်ကြသည်ကို၊ နားလည်း
မဝင်၊ မြေသခင်လည်း၊ ပြီးချင်ဘွယ်သာ၊ တစာစာနှင့်၊သည်ရွာ
တွင်ပင်၊ မနေချင်ဟု၊ မြေလျင်ဖမ်းမည်၊သွားလေသည်ကို၊ တော
လည်သို့ရောက်၊ ထူးတွင်းပေါက်၌၊ မြေဟောက်ငန်းဟန်၊ ပြီစွာ
ဖန်၍၊သဏ္ဌာန်မယွင်း၊ နဂါးမင်းကို၊ အလျင်းမနေ၊ဖမ်းရွာချေဟု၊
ပျက်ထွေ အမျက်၊ ချောင်းချောင်းထွက်မျှ၊ လိုက်လေကလျှင်၊
ကြောက်အင်ကြီးစွာ၊ သေအံ့ဘိုဟု၊ပြေးရွာပင်ပန်း၊အစွမ်းဂုဏ်ကို၊

www.dhammadownload.com



ကိုယ်ပင်မယုံ၊ အသည်းတုန်မျှ၊ ထိုရွာကလျှင်၊ ကြားရစကား၊ သုံးပါးရတနာ၊မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊အမှန်းမသိ၊ ရွတ်မိကာသာ၊ ဂုဏ်တော်ကြောင့်၊ ကြားကာဝမ်းတွင်း၊ နဂါး မင်းလည်း၊ ချက်ခြင်းယူလေ၊မသင့်ချေဟု၊ ရိုသေမသတ်၊အသက် လွတ်၍၊ကြည်ညှတ်လှတင့်၊ ပန်းနှစ်ပွင့်ကို၊ချီးမြှင့်ပူဇော်၊ မြတ်ဂုဏ် တော်ကြောင့်၊မိုက်ဖော်မဝင်၊ ဖြစ်သောသွင်သို့၊ သင်ကြက်ရုံး၊ သားရွှေတုံးကို၊မြတ်ဆုံးအချ၊ရတနာကို၊ထိပ်မှာပန်းဟန်၊ပန်ပါ စေကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာ ကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်....သက်နှံ ရွှေတောင် အမယ့်မောင်။

သားရွှေတောင်းဆုံးမစာ ပြီး၏။

www.dhammadownload.com

# ဘုရားရှိခိုးပူဇော်ခြင်း၏

## အကျိုးကျေးဇူး

"ဗုဒ္ဓေါ ဗုဒ္ဓေါ တိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ၊ ဝရမေဝ ဟိ သာ ပီတိ၊ကာသိနေနာပိ ဇမ္ဗုဒီပဿ" ဟူ၍ မြတ်စွာ ဘုရားဟောတော်မူသည်နှင့်အညီ ဘုရားဘုရားဟူ၍လည်းကောင်း၊ တရား တရား ဟူ၍လည်းကောင်း၊ သံဃာ သံဃာ ဟူ၍လည်း ကောင်း ကြားရသောသူတို့၏ကိုယ်၌ဖြစ်သောပီတိသည် ဇမ္ဗူဒီပါ ကျွန်းလုံးကို အစိုးရသည်ထက် မြတ်၏။

မျက်စိကိုဖွင့်၍ ကြည့်ကာမျှနှင့်လည်း များစွာသော အကျိုး ဖြစ်ထွန်းစေနိုင်သော ဘုရားရှင်ကို ရှိခိုးပူဇော် ဖူးမြော်ခြင်းငှာ သွားရာ၌ ခြေလှမ်းတလှမ်းတွင်ဖြစ်သော ကုသိုလ်၏ ကြီးမြတ်သည် ကိုလည်း....

"သတံဟတ္ထိ သတံအဿာ၊ သတံ အဿတရီရထာ၊သတံကညာ သဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ၊ ဧကလာပဒီဝီထိ ဟာရဿ ကလံနာဂ္ဃတိသောဌသိ" ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်ကား_ ဆင်တသိန်း၊မြင်းတသိန်း၊အဿထိုရ်ကသော ရထားတသိန်း၊ လှပ ယဉ်ကျေးသော ကျောက်စီ ပတ္တမြား နား ဥောင်း ဝတ်ဆင်သော သတ္တိုသမီး တသိန်း ရသည်ထက် ဘုရားရှိခိုး ပူဇော်သွားသူ၏ ခြေတလှမ်း၌ ဖြစ်သော စေတနာ၏ အကျိုးကို ၁၆စိတ် စိတ်၍ တစိတ်မျှ မမှိနိုင်။ ။ထိုသို့ဟောခြင်းသည်လည်း နိဒဿနမျှသာဟု မှတ်ယူကုန်ရာ၏။

www.dhammadownload.com

# အနန္တငါးပါး ဘုရားရှိခိုး

ဗုဒ္ဓဂုဏော အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွေ့ဖောင်မဂ်၊ သဘော်ဃာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ ထိပ်ပန်း၊ရဟန်းတို့ဆရာ၊အစိန္တေယျဟု၊အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို။ အဟံ၊ အက္ခန့်ပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဓမ္မဂုဏော အနန္တောဟု၊ တည်သောကမ္မာ၊သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ဆေးကြောသုတ်သင်၊ မြူးမတင်အောင်၊ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို။ အဟံ၊ အက္ခန့်ပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

သံဃဂုဏော အနန္တောဟု၊လောဘ ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ရှင်တော်ဟောကြား၊ မြတ်တရားကို၊မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်း မှန်သည်၊ မြတ်မှန်ထေရ်ကျော်၊ သံဃာတော်တို့၊ဂုဏ်တော်ကြီးစွ၊ အနန္တကို။ အဟံ၊အက္ခန့်ပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

မာတာပိတုဂုဏော အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာ ပိတာ၊ မိန့်ဘတို့၊ ရေကြည်ကလလ၊ တည်ဦးစက၊ ချို့ချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ ကျေးသည်မိခင်၊ မွေးဘရှင်ကို။အဟံ၊အက္ခန့်ပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

www.dhammadownload.com



အာစရိယဂုဏော အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြ
သော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာ
လောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊
ဆုံးမဆိုသား၊ အဟိုမျှားစ့ဉ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊
လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊
ခေမာဘုမ္မိ၊ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြည့်နှန်၊
သွန်သင်ပေတတ်၊ ဆရာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊
ရှိခိုးပါ၏။